
www.dhammadownload.com




# အနှစ်ထမ်းပြီးပြန်ကြပါ

(၁၆-၄-၆၂)

၉၁

ကျေးဇူးတော်ရှင်မဟာထေရ်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာ(၄)ပါးတရားတော် အမှတ်စဉ်(၂၂)မှ
ထုတ်နှုတ်ပုံနှိပ်ပါသည်။

www.dhammadownload.com

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်က
ဤစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေပါသည်။

အမှတ် ၈၂၊ နတ်မောက်လမ်း၊ ဗဟန်း၊
ရန်ကုန်မြို့ တွင် ရနိုင်ပါသည်။
ဖုန်း - ၅၄၁၈၆၀

မိုးကုတ်ယောဂီများအတွက် ထုတ်ဝေပါသည်။

www.dhammadownload.com

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားတော်မူသော
တရားတော်

# အနှစ်ထမ်းပြီး ပြန်ကြပါ

(၁၆-၄-၆၂)

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော
သစ္စာလေးပါးတရားတော်
အမှတ်စဉ် (၂၂) မှ ထုတ်နုတ် ပုံနှိပ်ပါသည်။

www.dhammadownload.com


မိုးကုတ်ဆရာတော်ဘုရားကြီး၏
ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်၏
မူပိုင်ဖြစ်သည်။

**မည်သူမျှ ကူးယူ ထုတ်ဝေခြင်း မပြုရ။**

တမူခွင့်ပြုချက် အမှတ် ၃၄/၉ (၇)

အုပ်ရေ - ၃၀၀၀

ထုတ်ဝေသူ - ဦးအောင်ချို (မြ-၀၈၃၁)၊
မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ်
ပြန့်ပွားရေးအဖွဲ့ချုပ်၊ အမှတ် (၈၂)၊
နတ်မောက်လမ်း၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် - ဦးဉာဏ်အောင်စိုး (မြ-၀၅၃၆၉)၊
ကျားမင်းအော့ဖ်ဆက်၊ အမှတ် (၉၂)၊
ကမ္ဘာ့အေးလမ်း၊ ရွှေတောင်ကြား (၁) ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

စာအုပ်ချုပ် - ကျားမင်း စာအုပ်ချုပ်လုပ်ငန်း၊ အမှတ် (၉၂)၊
ကမ္ဘာ့အေးလမ်း၊ ရွှေတောင်ကြား (၁) ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၂၄၆၅၀၈ - ၅၃၂၉၁၄

www.dhammadownload.com

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားတော်မူသော
တရားတော်

# အခန္ဓာမြစ်ထင်းမြီး မြန်မြန်ကြွေမပါ

(၁၆–၄–၆၂)

---

အားလုံး ဒကာ ဒကာမတွေ တစ်နေ့က ပြောတဲ့ တရားမှာ ခင်ဗျားတို့ လာခဲ့တာကလဲ အမိဝမ်းခေါင်းထဲက လာခဲ့ကြတယ်နော်...။ (မှန်ပါ့ဘုရား)။

အမိဝမ်းခေါင်းထဲမှာ ကိုးလ,ဆယ်လတိုင်တိုင် နေခဲ့ကြရ၊ စားဖို့,ဝတ်ဖို့ မပါခဲ့ကြပါဘူး၊ အမေမိဘ လှုပ်–လှုပ်သလို ကျင်ကြီးကျင်ငယ်ကြားထဲမှာ နေခဲ့ရတယ်ဆိုသဖြင့် နေရတဲ့ နေရာဌာနသည် အင်မတန်မှ ကျဉ်းမြောင်းပြီး သကာလ နေသောကြောင့် ဒုက္ခသစ္စာပဲဖြစ်စ, ကိုက ဒုက္ခသစ္စာပဲ။

အမိဝမ်းခေါင်းထဲမှာ နေဆဲခဏကို ဘာသစ္စာခေါ်ကြမလဲ...။ (ဒုက္ခသစ္စာပါဘုရား)။

www.dhammadownload.com



ဩော်...ဒကာ ဒကာမတွေ ဘယ်ကများ စ,ပြီး ဖြစ်လာပါလိမ့်မတုံးလို့ မေးလို့ရှိရင်ဖြင့် ဒုက္ခသစ္စာက စ,ခဲ့တယ်လို့ မောင်နိုင်တို့ ဖြေရလိမ့်မယ်...။ (မှန်ပါ)၊ ဦးဘံရှင်း ဘယ့်နှယ်ဖြေမတုံး...။ (ဒုက္ခသစ္စာက စ,ခဲ့ပါတယ်)၊ ဒုက္ခသစ္စာက စ,ခဲ့တယ်လို့ပဲ ဖြေရုံပဲ...။ (မှန်ပါ့ဘုရား)။

ဩော်...အပြင်ဘက်ထွက်လာတယ်၊ တစ်နေ့တခြားရင့်ရော် အိုမင်းတာကလဲ အထင်အရှား ဖြစ်နေတော့ ပြင်ဘက်ရောက်ပြန်တော့လဲ ဩော်...ဘယ်သစ္စာနဲ့နေရပြန်သတုံးလို့ မေးပြန်တော့လဲ ဇရာ ဒုက္ခသစ္စာနဲ့ နေရတယ်နော်...။ (မှန်ပါ့ဘုရား)။

ဖြစ်စဉ်ကလဲ ဒုက္ခသစ္စာနဲ့ ပြင်ဘက်ရောက်လာလို့ လူလားမြောက်လာပြန်တော့ ဘာသစ္စာနဲ့ နေရသတုံး...။ (ဒုက္ခသစ္စာနဲ့ နေရပါတယ်)၊ ဒုက္ခသစ္စာနဲ့ နေရတယ်လို့ မှတ်လိုက်တာပေါ့နော်...။ (မှန်ပါ့ဘုရား)။

ဩော်...ဒီကရှေ့ ငါတို့သည်ကားလို့ဆိုလို့ရှိရင် ဘယ်ရောက်အောင်များ ဒီခန္ဓာကြီးသွားနေဦးမှာတုံးလို့ မေးလိုက်တဲ့အခါကျလို့ရှိရင်ဖြင့် နာတဲ့ဘက်အရောက်သွားနေတယ်...။ (မှန်ပါ့ဘုရား)။

နာတဲ့ဘက် အရောက်သွားနေတော့ အင်း...ဒီခန္ဓာကြီးက ဒုက္ခသစ္စာကြီးထမ်းပြီးသကာလ ဒိထက်ကြီးတဲ့ ဒုက္ခဆီသွားနေတယ်လို့ဆိုရင် လွဲပါ့မလား...။ (မလွဲပါဘုရား)၊

www.dhammadownload.com



ကိုပေါ်...(မလွဲပါဘုရား)၊ ဒီဒုက္ခသစ္စာကြီး ထမ်းသွားနေတယ်နော်...။ (မှန်ပါ)။

အဲဒီနာတဲ့ ဒုက္ခသစ္စာကြီးတော့ ဒကာ ဒကာမတွေက ဘယ်များ ဆက်လက်သွားမတုံးလို့ စိတ်ကူးကြသတုံးဆိုတော့ သေပွဲ ဒုက္ခသစ္စာဘက် သွားကြမှာပဲ...။ (မှန်ပါဘုရား)။

- ဘယ်သွားကြမတုံး...။ (သေပွဲ ဒုက္ခသစ္စာဘက် သွားကြမှာပါ ဘုရား)။

တစ်ခါ ဒီဒုက္ခတွေချုပ်ငြိမ်းအောင် ဘုန်းကြီးတို့ ဒကာ ဒကာမတွေက မလုပ်ပြန်ပါဘူး၊ လမ်းပေးမည့်လူလဲမရှိ၊ ကိုယ်ကလဲမလုပ်ဆိုလို့ရှိရင်ဖြင့် သေပြီးတော့ တစ်ခါ ဦးဘရှင်း တစ်ခုခုသော ဝမ်းထဲသော်လည်းကောင်း၊ ငရဲသော်လည်းကောင်း ဇာတိပြန်ရောက်မှာပဲ...။ (မှန်ပါ)၊ ရောက်တော့ ဘာသစ္စာဘက် ရောက်သတုံး...။ (ဒုက္ခသစ္စာဘက် ရောက်ပါတယ်ဘုရား)၊ မောင်နိုင်...လှည့်သွားတယ်...။ (လှည့်သွားပါတယ်ဘုရား)။

တပည့်တော်တို့ နောက်တုန်းက ဘယ်လိုနေခဲ့ရသတုံး မေးလို့ရှိရင် သစ္စာတွေ လှည့်နေခဲ့တယ်ဟေ့...လို့ ဒါမှ တစ်ပါး ဖြေစရာမရှိပါဘူး...။ (မှန်ပါ)။

ဒကာ ဒကာမတွေ နောက်က ဘယ်လိုနေခဲ့သတုံး...။ (ဒုက္ခနဲ့နေခဲ့ရပါတယ်)၊ ဒုက္ခတွေလှည့်ပြီးသကာလနေတယ်...။ (မှန်ပါဘုရား)။

www.dhammadownload.com



ဒုက္ခတွေလည်းပြီးသကာလနေတော့ လမ်းပြပေးမည့်လူလဲ မရှိ၊ ခင်ဗျားတို့ဟာခင်ဗျားတို့ ထုံးစံအတိုင်း သွားနေကြမယ်ဆိုလို့ရှိရင်လဲ ဒီလမ်းမှာတစ်ပါး ပြောင်းတတ်တဲ့ ဉာဏ်လဲ ပါမယ် မဟုတ်ပါဘူး...။ (မပါ,ပါဘုရား)။

မပါတော့ ဒီဒုက္ခလေးချက်ကာနေပြီးသကာလ အစဒုက္ခနဲ့နေလိုက်၊ အလယ်ဒုက္ခနဲ့နေလိုက်၊ အဆုံးဒုက္ခနဲ့နေလိုက်၊ ပြန်ပြီး ဒုက္ခစ,လိုက်၊ ဦးအောင်ဖေ ဒီအတိုင်း မနေဘူးလား...။ (နေပါတယ်ဘုရား)။

ဒီအတိုင်းနေနေတာ ဒုက္ခရှိလို့ရှိရင်ဖြင့် ဒကာ၊ ဒကာမတွေက အချိန်ရောက်ပါပြီတဲ့...၊ ဒုက္ခလွတ်ရာကိုရှာဖို့ ဉာဏ်ကလေးများလဲ ခင်ဗျားတို့ လာကြပါတော့ဆိုတာ ဦးဘရှင်းပြောရတော့မယ်...။ (မှန်ပါ)။

ကိုပေါ်...မပြောဘူးလား...။ (ပြောရပါတယ်)၊ ဦးညိုကြီး ဒုက္ခလွတ်ရာကို ရှာပါတော့ဆိုတဲ့ဉာဏ် မပြောရသေးဘူးလား...။ (ပြောရပါတယ်ဘုရား)။

အဲဒါ...ဒုက္ခလွတ်ရာရှာပါတော့ဆိုတော့ ဒုက္ခသိမှ ဒုက္ခ လွတ်ချင်မှာပဲ...။ (မှန်ပါ)။

နောက်က ဒကာ ဒကာမတွေ... (ဒုက္ခ သိမှ ဒုက္ခလွတ်ချင်မှာပါ ဘုရား)၊ ဒုက္ခသိမှ ဒုက္ခလွတ်ချင်မှာပဲဆိုတာ သိကြပါတော့...။ (မှန်ပါ)။

ဒါဖြင့် ဒုက္ခလွတ်အောင် ဘုန်းကြီးကပဲ လမ်းပြပါ

www.dhammadownload.com



တော့မယ်တဲ့ ဒကာ ဒကာမတို့ရော်...။ (မှန်ပါ)၊ ဒုက္ခ လွတ်အောင်ပဲ လမ်းပြပါမယ်ဆိုတော့ကို ဒုက္ခရှိတာသိမှ ဒုက္ခလွတ်ချင်တဲ့ဉာဏ် လာမှာပါ...။ (မှန်ပါ)။

## ဒုက္ခရှိတာသိမှ လွတ်ချင်တဲ့ဉာဏ် လာမယ်

ကိုင်း...ဒါဖြင့် ဒုက္ခရှိတာကိုသိမှ ဒုက္ခလွတ်ချင်တဲ့ ဉာဏ် လာမယ်ဆိုတာ မှတ်ထားလိုက်စမ်းပါ...။ (မှန်ပါ)။

ဦးဘုရင်း ဘယ်လိုမှတ်မယ်...။ (ဒုက္ခရှိတာသိမှ ဒုက္ခ လွတ်ချင်တဲ့ဉာဏ် လာမှာပါ)၊ ဒုက္ခရှိတာကိုသိမှ ဒုက္ခလွတ် ချင်တဲ့ဉာဏ် ပေါ်မယ်...။ (မှန်ပါ)၊ ဒုက္ခရှိတာကို မသိတဲ့ပုဂ္ဂိုလ် ဒုက္ခလွတ်ချင်တဲ့ဉာဏ် လာပါ့မလား...။ (မလာပါဘုရား)။

အဲဒီတော့ ဆရာဘုန်းကြီးက ပြောတော့မယ် ဒကာ ဒကာမတို့၊ ခင်ဗျားတို့ရဲ့ တရားနာနေတဲ့ ခန္ဓာငါးပါးဟာ ဒုက္ခသစ္စာတရားလို့ ပြောလိုက်တယ်...။ (မှန်ပါ)။

ဒါတွေ ဘာတရားပါလိမ့်...။ (ဒုက္ခသစ္စာတရားပါ ဘုရား)၊ ဒုက္ခသစ္စာတရားတွေ။

နောက်က ဒကာ ဒကာမတွေ တရားနာနေတဲ့ ခန္ဓာ ငါးပါး ဘာတရားပါလိမ့်...။ (ဒုက္ခသစ္စာတရားပါ)၊ ဒုက္ခ သစ္စာတရားနော်...။ (မှန်ပါ)။

ဒုက္ခသစ္စာတရား ဖရာဒုက္ခနဲ့နေရတာတစ်ကြောင်း....

www.dhammadownload.com



(မှန်ပါ့ဘုရား)၊ ဒီခန္ဓာကြီးသည်ကားလို့ဆိုလို့ရှိရင် ခဏခဏ ဖောက်ပြန်၊ ခဏခဏပျက်စီး၊ ခဏခဏ ကျေးရ,မွေးရ၊ ခဏခဏပြုပြင်ရ၊ ဉာဏ်နဲ့ကြည့်လိုက်တော့ ခဏခဏ ပျက်နေတာဟာ ဘာသစ္စာ ဆိုကြမလဲ...(ဒုက္ခသစ္စာပါ ဘုရား)။

အဲဒါသိတော့မှ၊ ဒီသိတဲ့ဉာဏ်ပေါ်တော့မှ ဟာ...ဒါ ဒုက္ခကြီးပါကလား၊ တို့ ဆုတောင်းယူထားလို့ရတာ ဒုက္ခ ကြီးပါကလား...။ (မှန်ပါ့)။

ဘယ်လိုဆိုကြပါ့မယ်...။(တပည့်တော်တို့ ဆုတောင်း ယူထားလို့ရတာ ဒုက္ခကြီးပါဘုရား)။

ပြုပြင်ပြီးသကာလ ကိုယ့်ကိုယ်ကိုယ် ခင်နေတာကြီး ဟာလဲ ဘာသစ္စာကြီးပါလိမ့်...။ (ဒုက္ခ သစ္စာကြီးပါ ဘုရား)။

အင်း...ခင်တော့ ခင်နေကြတာပဲ၊ ဩော်...ဒကာ ဒကာမတို့ ဒုက္ခသစ္စာကြီး ခင်ဗျားတို့ ခင်နေကြတာသည် မသိလို့ဘဲလို့ဆိုလိုက်ရင်ကော လွဲပါ့မလား...။ (မလွဲပါ ဘုရား)။

ဒုက္ခသစ္စာကြီးကို ဒုက္ခသစ္စာရယ်လို့ မသိ...။ (မှန်ပါ့)၊ ခဏခဏသေနေတာကြီးကိုလဲ ခဏခဏသေနေတယ်လို့ မသိသောကြောင့် ခင်နေကြတယ်...။ (မှန်ပါ့)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဒီအမြင်ကို

www.dhammadownload.com



ဖြင့် မပေါက်,ပေါက်အောင် ပြောပြီးသကာလ ဘုန်းကြီးက ဆုံးမရမယ်...။ (မှန်ပါ့)။

## ဒီအမြင်ပေါက်အောင် ဆုံးမရမယ်

ခင်ဗျားတို့ကလဲ မမြင်,မြင်အောင်ကြည့်ရမယ်...။ (မှန်ပါ့)၊ ကြည့်လဲကြည့်တာ အမှန်ပါပဲ၊ မမြင်,မြင်အောင် ကြည့်တဲ့ ဉာဏ်ကိုလဲ ဘုန်းကြီးက ပေးရလိမ့်မယ်...။ (မှန်ပါ့)။

ပေးလိုက်တဲ့ ဉာဏ်ကလေးနဲ့ ခင်ဗျားတို့ကလဲ မမြင်, မြင်အောင် ကြည့်ကြလို့ရှိရင်ဖြင့် ဒီဒုက္ခသစ္စာကို မြင်လာမှာပဲ...။ (မှန်ပါ့)၊ မြင်လာလို့ရှိရင်ဖြင့် ဒီမျက်စိနှစ်ကွင်း အလင်းရပြီလို့ မောင်နိုင်က မှတ်လိုက်...။ (မှန်ပါ့)။

ရှိတဲ့ ဒုက္ခသစ္စာကြီးကို ဒုက္ခသစ္စာအဖြစ်နဲ့ မမြင်သေးရင် မျက်စိနှစ်ကွင်း အလင်းမရသေးဘူးလို့ မှတ်ပါ...။ (မှန်ပါ့)။

ဘယ်လိုမှတ်ကြမယ်...(မျက်စိနှစ်ကွင်းအလင်းမရသေးပါ)၊ ဒုက္ခသစ္စာမမြင်ရင် မျက်စိနှစ်ကွင်းအလင်းမရသေးဘူးလို့ မှတ်လိုက်စမ်းပါ...။ (မှန်ပါ့)။

မျက်စိနှစ်ကွင်း အလင်းမရသေးဘူးလို့ ဦးဘသန်းကြီးတို့ မှတ်လိုက်၊ နားလည်တယ် မဟုတ်လား... ပေါက်က ဒကာကြီးဟာလေ...။ (မှန်ပါ့)။

www.dhammadownload.com



မျက်စိနှစ်ကွင်း အလင်းမရသေးဘူးဆိုတာ ရှိတဲ့ ဒုက္ခသစ္စာကြီး၊ ခဏခဏ ဖျတ်ဖျတ်–ဖျတ်ဖျတ်နဲ့ လဲနေတဲ့ ဖြစ်ပျက်ဆိုတာကြီး မမြင်သေးလို့ရှိရင်ဖြင့် မျက်စိနှစ်ကွင်း အလင်းမရှိသေးဘူးလို့မှတ်လိုက်...။ (မှန်ပါ့)။

ဖျတ်ဖျတ်–ဖျတ်ဖျတ်နဲ့ လဲနေတဲ့ ရုပ်နာမ်တို့ ပျက်လိုက်၊ အစားထိုးလိုက်၊ ပျက်လိုက်, အစားထိုးလိုက်ကို မမြင်သေးသရွေ့ကာလပတ်လုံး မျက်စိနှစ်ကွင်း အလင်းမရသေးဘူးလို့ မှတ်လိုက်ပါ...။ (မှန်ပါ့)။

ပျက်တာနဲ့အစားထိုးတာ မမြင်ရသေးရင် ဘာတဲ့... (မျက်စိနှစ်ကွင်း အလင်းမရသေးပါဘုရား)၊ မျက်စိနှစ်ကွင်း အလင်းမရသေးဘူးလို့ မှတ်လိုက်...။ (မှန်ပါ့)၊ အဲဒီတော့ အဲဒီ မျက်စိနှစ်ကွင်းအလင်းမရသေးတဲ့ ပုဂ္ဂိုလ်ဟာ သူ့သည် မွေးစ,ကန်းကလဲ မျက်စိနှစ်ကွင်း အလင်းမရခဲ့ဘူး၊ နောက်လဲ ဆရာကောင်းသမားကောင်းနဲ့ မတွေ့လို့၊ အားမထုတ်လို့ မမြင်ပြန်ဘူးဆိုတော့ ဒါနဲ့ပဲ သေသွားရှာတယ်...။ (မှန်ပါ့)၊ ဪ...အကန်းကလေးမွေးပြီး အကန်းကလေး သေသွားတယ်လို့ မှတ်လိုက်...။ (မှန်ပါ့ဘုရား)။

ဘယ်လိုဆိုကြမယ်...(အကန်းကလေးမွေးပြီးတော့ အကန်းကလေးသေသွားပါတယ်ဘုရား)၊ နားလည်ပလား...။ (မှန်ပါ့)၊ ကိုဝ ဘာတဲ့တုံး...။ (အကန်းမွေးပြီး အကန်းသေပါဘုရား)။

www.dhammadownload.com



အကန်းမွေးပြီး အကန်းသေးတယ်...။ (မှန်ပါ)၊ နောက်က ဒကာ ဒကာမတွေ...(အကန်းမွေးပြီး အကန်း သေပါတယ်ဘုရား)။

ဩော်...ဒါဖြင့် နောက်ဘဝကျတော့ သူ ဘာကလေး မွေးမယ်ထင်သတုံး...။ (အကန်းကလေးမွေးမှာပါ)၊ နောက် ဘဝကျတော့ အခုလို သာသနာနဲ့မကြုံ၊ ဆရာကောင်း သမား ကောင်းကလဲ မျက်စိဖွင့်ပေးမည့်လူမရှိတော့ ဘာသေ,သေ ဦးမှာတုံး...။ (အကန်းသေ,သေဦးမှာပါဘုရား)။

ဒါဖြင့် ကျုပ်တို့ နောက်တုန်းက ဘယ်လိုနေခဲ့လို့ ဘယ်လိုသေခဲ့ကြတယ်ဆိုတာဖြင့် နောက်ပြန်ကြည့်လိုက်ပေ ပေါ်ပါပြီ...။ (ပေါ်ပါပြီ)၊ ဘယ်လိုပေါ်ပါလိမ့်...။ (အကန်း ကလေးမွေးပြီး အကန်းကလေးသေပါတယ်ဘုရား)။

အကန်းကလေးမွေးပြီး အကန်းကလေးသေ,သေခဲ့ကြ တယ်ဆိုတာဖြင့် ခကားကြီးကြီးပြောလိုက်တယ်လို့ မယူဘဲနဲ့ ဦးညိုတို့ ဖြစ်စဉ်ကိုက် ပြောလိုက်တယ်လို့ မှတ်လိုက် စမ်းပါ...။ (မှန်ပါ)။

ဘယ်လိုမှတ်ကြမယ်...(ဖြစ်စဉ်ကိုက်ပြောလိုက်ပါတယ်)၊ ဖြစ်စဉ်ကိုက်ပြောလိုက်တယ်လို့ မှတ်လိုက်တာပေါ့နော်...။ (မှန်ပါဘုရား)။

ကဲ...ဒါဖြင့် ဒီဘဝမှာလဲ လမ်းပြပေးမည့်ဆရာကလဲ မရှိ၊ ခင်ဗျားတို့မွေးလာတာက အကန်း၊ လမ်းပြပေးမည့်

www.dhammadownload.com



ပုဂ္ဂိုလ်ကလဲ၊ မျက်စိနှစ်ကွင်းအလင်းရအောင် လုပ်ပေးမည့် ပုဂ္ဂိုလ်ကလဲ၊ ကုသပေးမည့် ပုဂ္ဂိုလ်ကလဲ မရှိပြန် ဆိုတော့ ရှင်နေပေမယ့်သဲ အကန်းကလေး ရှင်နေတာ...။ (မှန်ပါ)။

ဘယ်လိုဆိုကြမယ်...(အကန်းကလေး ရှင်နေကြတာပါ)၊ အကန်းကလေး ရှင်နေတာ၊ သဘောပါကြပလား...။ (ပါ,ပါပြီ ဘုရား)။

ဘာကလေးများ ရှင်နေတာတုံး...။ (အကန်းကလေး ရှင်နေတာပါဘုရား)။

ဒီအကန်းကလေးရှင်နေတာ၊ ဒီအကန်းကလေးလုပ်တဲ့ အလုပ်ဟူသရွေ့သည် အကောင်းချည့်ဖြစ်လိမ့်မလား၊ အဆိုးချည့်ဖြစ်လိမ့်မလား...။ (အဆိုးချည့်ဖြစ်မှာပါဘုရား)။

## အသေရှာတဲ့အလုပ်

ဒါကြောင့် အဲဒီခန္ဓာဒုက္ခသစ္စာကို မမြင်သေးဘဲနဲ့ အကန်းကလေးအဖြစ်နဲ့ ခင်ဗျားတို့ အိမ်ထောင်သားမွေးတဲ့ အလုပ်၊ ထိုက်တန်သလောက် သားကြီးလို့ ရှင်ပြုတဲ့အလုပ်၊ ထိုက်တန်သလောက် ဥပုသ်ကလေးစောင့်တဲ့ အလုပ်တွေဟာလဲ တော်တော်ကြာကျလို့ရှိရင် အသေရှာတဲ့အလုပ်ကို လုပ်ကြလိမ့်မယ်...။ (မှန်ပါ)။

အသေရှာတဲ့အလုပ်ကို လုပ်ကြပြန်တော့ အကန်း

www.dhammadownload.com



အလုပ် လုပ်လို့ ရှင်ပြီးသကာလ အကန်းလမ်းသွားလို့ လွဲနေပြီဟော့...။ (မှန်ပါ)။

ဘယ်လိုဆိုကြပါမယ်...။ (လွဲနေပါပြီဘုရား)၊ ဘယ်သူ့ လမ်းသွားပါလိမ့်...။ (အကန်းလမ်းသွားလို့ပါ)၊ အကန်း လမ်းသွားလို့ လွဲနေပြီဟော့လို့ ဆရာဘုန်းကြီးက ခင်ဗျားတို့ကို ပြောလိုက်ပါတယ်...။ (မှန်ပါ)။

ဘာတဲ့တုံး...။ (အကန်းလမ်းသွားလို့ လွဲနေပါပြီ)၊ ဝဋ္ဋဒုက္ခသစ္စာကို မမြင်ဘဲကိုး...။ (မှန်ပါ)၊ မမြင်တော့ ကန်းနေသေးတယ်...။ (မှန်ပါ)။

ကန်းနေတဲ့အခါမှာ မိမိတို့ထိုက်တန်သလောက် ဥပုသ်ကလေးစောင့်၊ သီလကလေးယူ၊ အလှူအတန်းကလေးပေးပြီးသကာလ နေကြားသော်လဲ ဒုက္ခသစ္စာမမြင်တော့ မမြင်တဲ့ ပုဂ္ဂိုလ်လုပ်နေတဲ့ အလှူပွဲ၊ အတန်းပွဲ ဆိုရင်ကော...(မလွဲပါဘုရား)။

## အကန်းအလုပ်သည် မမှန်နိုင်

ဒါဖြင့်...အကန်းအလုပ်,လုပ်နေတဲ့ ပုဂ္ဂိုလ်သည် ဒကာဒကာမတို့ အမှန်ဆီရောက်ပါမလားလို့ မေးပြန်လို့ရှိရင် ဘယ်နှယ်ဖြေမလဲ...(မရောက်နိုင်ပါ)၊ မရောက်နိုင်ပြန်ဘူးလို့ဆိုတဲ့အဖြေဟာ ကြီးကြီးကျယ်ကျယ်ပဲ ထွက်လာတယ်...။(မှန်ပါ)၊မထွက်ဘူးလား...။(ထွက်ပါ တယ်ဘုရား)။

www.dhammadownload.com



ဦးအောင်ဇံဝေတို့၊ ဦးဘသန်းတို့ သတိထားပါ ခင်ဗျားတို့နော်...။ (မှန်ပါ)၊ မထားသင့်ဘူးလား...။ (ထားသင့်ပါတယ်)၊ ရှင်းပြီးနော်...။ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဦးဘရှင်းတို့က အကန်းလုပ်တဲ့အလုပ်,လုပ်သရွေ့ ဘယ်လိုဆိုကြပါမယ်...။ (အလွဲချည့်ပါဘုရား)။

အဲ...ခင်ဗျားတို့လဲတဲ့၊ ဒီသစ္စာဆိုတဲ့ ဒုက္ခသစ္စာဖြစ်ပျက်ကို မမြင်သေးသရွေ့ကာလပတ်လုံး လုပ်နေတဲ့အလုပ်ဟူသရွေ့သည် အကန်းလမ်းသွားနေတာသာ မှတ်လိုက်စမ်းပါ...။ (မှန်ပါ)။

ဘယ်လိုမှတ်ကြမယ်...(အကန်းလမ်းသွားနေတာပါ)၊ အကန်းလမ်းသွားနေတော့ ချောက်တွေ၊ ကျင်းတွေ၊ ကန်သင်းတွေ၊ ခလုတ်တွေသည် အကန်းပိုင်ပစ္စည်း ဖြစ်ရတော့မယ်...။ (မှန်ပါ)။

ဘယ်သူ့ပစ္စည်းပါလိမ့်...။ (အကန်းပိုင်ပစ္စည်းပါ)၊ အကန်း၏ တိုက်မှု၊ ခိုက်မှု ကျမှုတွေပဲဆိုရင်လဲ အမှန်ပဲလို့ ဆုံးဖြတ်ချက်ချရမယ်...။ (မှန်ပါ)။

နားကြီးကြီးနဲ့ထောင်မှ ဒီဟာ အမှန်ရောက်မယ်နော်...။ (မှန်ပါ)၊ ကိုပေါ်မှနားထောင်တတ်ပြီ မဟုတ်လား...။ (နားထောင်တတ်ပါပြီဘုရား)။

ကိုင်း...ဒါဖြင့် ဒီလိုလုပ်ကြစို့ရဲ့၊ ရှေးဦးစွာ မျက်လုံးဖွင့်ပေးမယ်ဗျာ၊ အကန်းပျောက်အောင်...။ (မှန်ပါ)။

www.dhammadownload.com



ဒကာ ဒကာမတို့ ဘာလုပ်မှာပါလိမ့်...။ (မျက်လုံး ဖွင့်ပေးမှာပါဘုရား)။

အရှင်ဘုရား...ဒါလောက်ကန်းတဲ့အတွက် အကန်း သက် ရှည်ခဲ့လှပါပြီ၊ မျက်စိနှစ်ကွင်း အလင်းရအောင်သာ ကုသပါတော့ဘုရာ၊ ဒီဆေးကိုသာ အမြန်ပေးပါတော့ ဆိုတာ ကိုသာ ခင်ဗျားတို့ လျှောက်စရာလမ်း အကွက်ပေါ်တော့ တာပဲ...။ (မှန်ပါ့ဘုရား)။

တခြားလမ်း ဘာမှ မရှိတော့ဘူးဆိုတာ မှတ်ပေတော့ နော်...။ (မှန်ပါ့)၊ တခြားအကြောင်း ဘာမှ မရှိတော့ဘူး ဆိုရင် ကိုင်း...ဒကာ ဒကာမတို့ ခန္ဓာထဲမှာ မျက်လုံးဖွင့် ပေးတော့မယ်...။ (မှန်ပါ့)။

ခန္ဓာထဲမှာ မျက်လုံးဖွင့်ပေးတော့မယ်လို့ နောက်က ဒကာ ဒကာမတွေ သေသေချာချာမှတ်စမ်းပါ...။ (မှန်ပါ့)၊ ဘာ ဟောမှာပါလိမ့်...။ (ခန္ဓာထဲမှာ မျက်လုံးဖွင့်ပေးမှာပါ)၊ ခန္ဓာက ဘာသစ္စာပါလိမ့်...။ (ဒုက္ခသစ္စာပါ)၊ အဲ...ဒုက္ခ သစ္စာမြင်တဲ့ မျက်လုံးဖွင့်ပေးတော့မယ်...။ (မှန်ပါ့)။

ဒုက္ခသစ္စာမြင်တဲ့မျက်လုံး ဖွင့်ပေးတော့မှ ဩော်... ရှေ့ဖြင့် မျက်စိနှစ်ကွင်းအလင်းရတဲ့လူ လမ်းသွားရတော့ မှာပဲ၊ သွားရလို့ရှိရင်ဖြင့် လိုရာခရီးကို အပြီးတိုင်ရောက် တော့မှာဆိုတာ မှတ်ရမှာ...(မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါ ပြီ ဘုရား)။

www.dhammadownload.com



အဲဒါကြောင့် ခင်ဗျားတို့ မျက်စိဖွင့်ပေးပါတော့မယ် ဆိုတာကို သေသေချာချာအဖွင့်ခံကြပါဆိုတာကိုလဲ ပြောရပြန်တယ်...။ (မှန်ပါ)။

## ဆေးခွက်ကိုင်ရင် ပြေးမှာစိုးတယ်

မျက်စိနှစ်ကွင်းအလင်းမရတဲ့ပုဂ္ဂိုလ် အလင်းရအောင် လုပ်ပေးပါမယ်ဆိုငြားသော်လဲ ခင်ဗျားတို့က ဆေးခွက်ကိုင်လို့ ပြေးတဲ့ ခွေးနာလိုလဲ ဖြစ်မှာစိုးရသေးတယ်...။ (မှန်ပါ)၊ ကြောက်စရာက အတော်ကောင်းတယ်...။ (မှန်ပါ)။

ခွေးနာဆေးခွက်ကိုင်ပြီဆိုမှဖြင့် သူ့ကို ခဲနဲ့ပေါက်လိမ့်မယ်ထင်ပြီးသကာလ ကိုမြင့် ပြေးချင် ပြေးတာ...။ (ပြေးပါတယ်ဘုရား)။

စင်စစ်တော့ ပျောက်ဆေးပေးမလို့ ဆိုငြားသော်လဲ ခွေးက ပြေးတယ်ဆိုတော့ မသိမိုက်,မိုက်နေတယ်ဆိုတဲ့ အမိပ္ပါယ် ရှင်းသွားပြီ...။ (ရှင်းသွားပါပြီဘုရား)။

ဒီမှာပဲ မျက်စိနှစ်ကွင်း အလင်းရတဲ့ဆေး ပေးပါတော့မယ်ဆိုပြီး ဘုန်းကြီးက တာဝန်ခံငြားသော်လဲ ခင်ဗျားတို့စိတ်က တောင်သွား,မြောက်သွား,သွားနေလို့ရှိရင် ခွေးနာပြေး,ပြေးရာရောက်ဦးမယ်...။ (မှန်ပါဘုရား)၊ ရိပ်မိပလား...။ (ရိပ်မိပါပြီဘုရား)။

ခွေးနာပြေးများ ပြေးကြဦးမှာလား...။ (မပြေးပါ

www.dhammadownload.com



ဘုရား)၊ နောက်က ဒကာ ဒကာမတွေ မျက်လုံးဖွင့်ပေးမလို့၊ မျက်လုံးကုပေးမလို့နော်...။ (မှန်ပါ)၊ စိတ်က တောင်ပြေး, မြောက်ပြေး, ပြေးကြဦးမှာလား...။ (မပြေးပါဘုရား)၊ တရားနာတုန်း၊ တရားနာတုန်း...။ (မှန်ပါ)။

တရားနာတုန်း တရားထဲ စိတ်မရောက်ဘူးဆိုလို့ရှိရင် မောင်နိုင် ဆေးခွက်ကိုင်တာနဲ့ ခွေးနာဟာ ပြေးပြန်တာပဲ...။ (မှန်ပါ)၊ ရိပ်မိပလား...။ (ရိပ်မိပါပြီဘုရား)။

ဥပမာက ကြမ်းတယ်လို့ ကိုဝတို့က ထင်သလား...။ (မထင်ပါဘုရား)၊ ခင်ဗျားတို့က စိတ်က အငြိမ်နေတာ မဟုတ်ဘူး...။ (မှန်ပါ)။

အခု...အိမ်ရောက်သွားလိုက်၊ ဘယ်ရောက်သွားလိုက်၊ ညာရောက်သွားလိုက်၊ ဒါကို မပုတို့က ဘာထင်သတုံးဗျ...။ (ခွေးနာပြေး,ပြေးတာပါဘုရား)၊ ခွေးနာပြေးတာ ဆေးခွက် မြင်လို့...(မှန်ပါ)၊ ဆေးခွက်မြင်တာနဲ့ ပြေးတာလို့ဆိုရင် လွဲသေးသလား...။ (မလွဲပါဘုရား)။

အေး...ဒါ့ကြောင့် ကိုယ့်စိတ်ကလေး ကိုယ်လဲ ယခု တရားနာတဲ့အချိန်မှာ ခင်ဗျားတို့က နှလုံးသွင်းလိုက်စမ်းပါ နော်...။ (မှန်ပါ)။

ဟဲ...နင်ဟာ ခွေးနာစိတ်ပေါက်နေသလားလို့ စိတ်များ တခြား ထွက်ပြေးရင်...(မှန်ပါ)၊ ကိုယ့်ဟာကိုယ် ဆုံးမ စမ်းပါဦး...။ (မှန်ပါ)။

www.dhammadownload.com



ဘယ်လိုဆုံးမရမလဲ...(ခွေးနှာစိတ်ပေါက်နေသလား လို့ ဆုံးမရပါမယ်ဘုရား)၊ ခွေးနှာစိတ် ပေါက်နေသလား ဦးညို၊ ကိုယ့်ဟာကိုယ် ဆုံးမစမ်းပါဦး...။ (မှန်ပါ့)။

**ခွေးနှာစိတ် မဖြစ်စေနဲ့**

ဒါယကာတော်တို့ တရားတော့နာနေတာပဲဘုရား... စိတ်က ဖျတ်ခနဲ-ဖျတ်ခနဲ ထွက်ပြေးတယ်ဘုရား၊ တောင်ရောက်,မြောက်ရောက်၊ ဟာ...ခွေးနှာစိတ်ပေါက်တာ ဟော... (မှန်ပါ့)၊ ခွေးမှ ခွေးကောင်းစိတ် ပေါက်တာမဟုတ်ဘူးဟာ... (မှန်ပါ့)၊ ဘယ့်နှယ်ဆိုကြမလဲ...။ (ခွေးနှာစိတ်ပေါက်တာ ပါဘုရား)၊ ခွေးနှာစိတ်ပေါက်နေသဟ...လို့ ပြောလို့ရှိရင် တော့ ခင်ဗျားတို့ဟာ နာရမှာပါလား...။ (မနာရပါဘုရား)၊ အမှန်ပဲလို့ပဲယူဆရမှာပဲ...။ (မှန်ပါ့)၊ သဘောပါပြီလား...။ (ပါ,ပါပြီဘုရား)။

ကဲ...ဒါဖြင့် ပြောကြပါစို့၊ ဒကာ ဒကာမတို့ ခန္ဓာထဲမှာ ဒုက္ခသစ္စာရှိကြောင်းကို မျက်စိနှစ်ကွင်း အလင်းရအောင် ပြပါတော့မယ်...။ (မှန်ပါ့ဘုရား)၊ စိတ်တခြား မပြေးပါစေနဲ့...။ (မှန်ပါ့ဘုရား)။

ဦးဘရှင်း ပြေးဖို့ လိုသေးသလား...။ (မလိုပါဘုရား)၊ ပြေးရင် ဘာဖြစ်မယ်ထင်သတုံး...။ (ခွေးနှာလို ဖြစ်ပါမယ်

www.dhammadownload.com



ဘုရား)၊ ခွေးနာဖြစ်မှာ စိုးရတယ်...။ (မှန်ပါ)၊ ခွေးနာဖြစ်မှာ စိုးရတယ် ဒကာ ဒကာမတို့နော်...။ (မှန်ပါ)။

**စိတ္တာနုပဿနာ**

ကဲ...ဒါဖြင့် စိတ္တာနုပဿနာကို တစ်နေ့က မသွင်းရလို့ ပြန်သွားပါတယ်လို့ဆိုတာ မှတ်ပါ...။ (မှန်ပါ)။

စိတ်ဆိုတာ ခင်ဗျားတို့မှာ ဆယ့်သုံးမျိုးရှိတယ်၊ အဲဒီဆယ့်သုံးမျိုးတို့သည် ဒကာ ဒကာမတို့ ခင်ဗျားတို့၏ ခန္ဓာပဲလို့ မှတ်ပါ...။ (မှန်ပါ)။

ခင်ဗျားတို့၏ ခန္ဓာပဲ၊ စိတ်ဆိုတာ ဒကာ ဒကာမတို့၏...(ခန္ဓာပါဘုရား)။

**စိတ်ဆိုတာ ဝိညာဏက္ခန္ဓာ**

စိတ်ဆိုတာ ဝိညာဏက္ခန္ဓာ...(မှန်ပါ)၊ အဲဒီ ဝိညာဏက္ခန္ဓာသည် ဒုက္ခသစ္စာပါပဲဆိုတာ ပြောမလို့၊ ဝိညာဏက္ခန္ဓာသိမှ ဝိညာဏက္ခန္ဓာ၏ ဒုက္ခသစ္စာသိမှာပေါ့...။ (မှန်ပါ)။

ဒါ့ကြောင့် ဝိပဿနာလုပ်တဲ့ ပုဂ္ဂိုလ်များလဲ အရေးတကြီး မှတ်လိုက်စမ်းပါ၊ ဒါ...တို့လုပ်ရမှာ...။ (မှန်ပါ)။

ကဲ...ဒကာ ဒကာမတို့ ပြောပြီ၊ ခင်ဗျားတို့ မျက်လုံးကလေး ဖွင့်ကြည့်လိုက်တဲ့အခါ ဘာသနေရာပဲကြည့်ကြည့် မြင်စိတ်ကလေး မပေါ်ဘူးလား...။ (ပေါ်ပါတယ်)၊ အဲဒါ

www.dhammadownload.com



ကလေးဟာလဲ မြင်စိတ်ကလေး, ဝိညာဏက္ခန္ဓာကလေး မှတ်လိုက်စမ်းပါ...။ (မှန်ပါ)။

ဒါဟာ မြင်စိတ် ဝိညာဏက္ခန္ဓာ...။ (မှန်ပါ)၊ မြင်စိတ်လို့ကော မဆိုနိုင်ဘူးလား...။ (ဆိုနိုင်ပါတယ်ဘုရား)၊ ခန္ဓာလို့ ပြောလိုက်တော့...(ဝိညာဏက္ခန္ဓာပါဘုရား)။

ဩော်...ဒါကလေးဟာ ပုဂ္ဂိုလ်သတ္တဝါမဟုတ်ဘူး၊ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ဘူး၊ မြင်တတ်တဲ့စိတ်ကလေးပဲ... (မှန်ပါဘုရား)၊ ဝါ...ဝိညာဏက္ခန္ဓာကလေးပေါ်တာပဲ...။ (မှန်ပါ)။

ဘာကလေး ပေါ်တာပါလိမ့်...။ (ဝိညာဏက္ခန္ဓာကလေးပေါ်တာပါ)၊ မြင်စိတ် ဝိညာဏက္ခန္ဓာကလေး ပေါ်တယ်...။ (မှန်ပါ)၊ ကောင်းပြီ (၁)ခု ရတယ်။

ကဲ...အခုလို နာရီကလေး ဘာကလေး အသံကလေး ရိုက်ပြန်တော့လဲ ဒကာ ဒကာမတွေမှာ ကြားစိတ်ကလေး နားထဲမှာ မပေါ်လာဘူးလား...။ (ပေါ်ပါတယ်ဘုရား)၊ အဲဒါ ကြားစိတ် ဝိညာဏက္ခန္ဓာ...(မှန်ပါ)၊ (၂)ခု ရသွားပြီ... (မှန်ပါ၊ ရသွားပါပြီဘုရား)။

ဆေးလိပ်ကလေး ဘာကလေး တစ်ယောက်က သောက်၊ တစ်ယောက်က အနံ့ကလေးရလာတဲ့အခါကျတော့ နံ့စိတ် ဝိညာဏက္ခန္ဓာကော မပေါ်ဘူးလား...။ (ပေါ်ပါတယ်

www.dhammadownload.com



ဘုရား)၊ ပေါ်ပြီ၊ ဒါဟာ ဝိညာဏက္ခန္ဓာကလေးပဲနော်...။ (မှန်ပါ)။

လျှာပေါ်မှာ ချိုတယ်၊ ချဉ်တယ်၊ ဖန်တယ်၊ ငန်တယ်၊ စားတိုင်း စားတိုင်း အချို၊ အချဉ်၊ အဖန်၊ အငန်၊ စားတိုင်း စားတိုင်း စားစိတ်ကလေး မပေါ်ဘူးလား...။ (ပေါ်ပါတယ် ဘုရား)၊ အဲဒါကလေးဟာ ဘာ ခန္ဓာပါလိမ့်...။ (ဝိညာဏက္ခန္ဓာပါဘုရား)၊ ဇိဝှါဝိညာဏက္ခန္ဓာ ဆိုရင် မလွဲပါဘူး...။ (မလွဲပါဘုရား)။

## ကိုယ်ပေါ်မှာ စိတ်ငါးမျိုး

ကိုယ်ပေါ်မှာ ယခုလို အိုက်တယ်၊ နာတယ်၊ ကောင်းတယ်ဆိုတာကလေးဟာက ကိုယ်ပေါ်မှာပေါ်တဲ့၊ တစ်ကိုယ်လုံးမှာ ပေါ်ချင်တဲ့နေရာမှာ ပေါ်တယ်...။ (မှန်ပါ)၊ အဲဒါ ကာယဝိညာဏ် ဆိုတဲ့ ဝိညာဏက္ခန္ဓာပဲ...။ (မှန်ပါ)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)၊ ကာယဝိညာဏ် ဆိုကဲ့ ဝိညာဏက္ခန္ဓာလို့ မှတ်လိုက်စမ်းပါ...။ (မှန်ပါ)၊ ဒါဖြင့် ငါးမျိုးရသွားပြီ...။ (မှန်ပါ)။

တစ်ခါတလေကျပြန်တော့ ဒကာ ဒကာမတွေက ဟော့...နက်ဖြန်သင်္ကြန်ထွက်လို့ရှိရင်ဖြင့် လှူတာနဲ့ တရားရေး ချည့်ပဲ မဟုတ်ဘူး၊ စီးပွားရေးက ရှိသေးတယ်ဆိုပြီးသကာလ

www.dhammadownload.com



ဒကာ ဒကာမတွေက လောဘကလေး နက်ဖြန်ကျတော့ ပေါ်ချင် ပေါ်မယ်...။ (မှန်ပါ)။

ဒီက,ရှင်လဲ စဉ်းစားပြီး နက်ဖြန် ဘာလုပ်မယ်၊ ဘယ်သူ့ဆီက ကျောက်ကို ဘယ်လိုဝယ်မယ်၊ ဘယ်လိုဈေးရောင်းမယ်ဆိုတဲ့ လောဘတွေကော မလာဘတ်ဘူးလား...။ (လာတတ်ပါတယ်)။

အဲဒီ လောဘစိတ်ကလေးကလဲ ဝမ်းထဲမှာ ပေါ်တယ်...။ (မှန်ပါဘုရား)၊ ဒါကလေးဟာလဲ ဘာခန္ဓာပါလိမ့်...။ (မနောဝိညာဏက္ခန္ဓာပါဘုရား)၊ ဝိညာဏက္ခန္ဓာပဲ၊ မနောထဲပေါ်တဲ့ ဝိညာဏက္ခန္ဓာ...။ (မှန်ပါ)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

ဒီဝမ်းထဲမှာပဲ မကျေမနပ်တဲ့ စိတ်ကလေး ပေါ်ချင်တဲ့အခါ ပေါ်တတ်တာပဲ...။ (မှန်ပါ)၊ အဲဒါ ဒေါသဝိညာဏက္ခန္ဓာ...။ (မှန်ပါ)။

ဒီဝမ်းထဲမှာပဲ စိတ်ကလေးဟာ ပျံ့လွင့်တယ်၊ သံသယရှိတယ်ဆိုတဲ့ နှစ်ခု တစ်ခုခုပေါ်ရင်လဲ ဒါလဲ မောဟဝိညာဏက္ခန္ဓာပဲ...။ (မှန်ပါ)၊ ဒါ ပေါ်တိုင်း ပေါ်တိုင်း သတိထားရမယ်နော်...။ (မှန်ပါ)။

တစ်ခါတလေကျတော့ လှူချင်, တန်းချင်, ပေးချင်, ကမ်းချင်တဲ့ စိတ်ကလေးပေါ်လာတယ်...။ (ပေါ်လာပါတယ်ဘုရား)၊ ဒါလဲ အလောဘဆိုတဲ့ ဝိညာဏက္ခန္ဓာပဲ...။(မှန်ပါ)။

www.dhammadownload.com



ရှုချင် ကန်းချင်, ပေးချင်, ကမ်းချင်တဲ့ စိတ်ကလေးဟာလဲ. ဘာပါလဲမို့...(အလောဘ ဆိုတဲ့ ဝိညာဏက္ခန္ဓာပါဘုရား)၊ အလောဘစိတ်က ဝိညာဏက္ခန္ဓာကလေးပဲ၊ ဝိညာဏက္ခန္ဓာပေါ်တာပဲ၊ ခန္ဓာအသစ်ပေါ်တာပဲ...။ (မှန်ပါ)၊ ရှင်းပလား...။(ရှင်းပါပြီဘုရား)။

တစ်ခါတလေကျတော့ ဒါလဲ ဝမ်းထဲ ပေါ်တာပါပဲတဲ့၊ သူတစ်ပါး သနားတဲ့ စိတ်ကလေးတွေလဲ ပေါ်ပေါ်လာတဲ့အခါ ရှိသေးတယ်နော်...။ (မှန်ပါဘုရား)။

အဲဒါ အဲဒါသ ဝိညာဏက္ခန္ဓာ...(မှန်ပါ)၊ ဒါလဲ ဘယ်မှာ ပေါ်ပါလိမ့်...။ (ဝမ်းထဲမှာ ပေါ်ပါတယ်)၊ ရှင်းပြီနော်...။ (ရှင်းပါပြီဘုရား)။

## ဝမ်းထဲမှာ စိတ်ခုနစ်မျိုး

တစ်ခါတလေ ကျတော့ ဘာမှ မစဉ်းစားဘဲနဲ့ လေကလေး ထုတ်လိုက်၊ လေကလေး ပြန်ရှိုက်လိုက်၊ လေကလေး ထုတ်တဲ့ စိတ်ကလေးလဲ ပေါ်ချင်ပေါ်နေတာပဲ မောင်နိုင်...။ (မှန်ပါ)။

ဒါလဲ ဝိညာဏက္ခန္ဓာပဲ...(မှန်ပါ)၊ လေကလေး ပြန်ရှိုက်တဲ့ စိတ်ကလေးကော...(ဝိညာဏက္ခန္ဓာပါပဲ)၊ ဒါလဲ ဝိညာဏက္ခန္ဓာပဲလို့ မှတ်လိုက်...(မှန်ပါဘုရား)။

အဲဒီတော့ ခုနင်က ပြောခဲ့သလို အပြင်က ငါးခု...

www.dhammadownload.com



(မှန်ပါ)၊ အတွင်းက ခုနစ်ခုပေါ့ကွာ...။ (မှန်ပါ)၊ ငါးခုနဲ့ ခုနစ်ခုနဲ့ ပေါင်းတဲ့အခါ...(ဆယ့်နှစ်ခုပါဘုရား)။

အေး...ဆယ့်နှစ်ခုထားပါတော့ နော်...။ (မှန်ပါ ဘုရား)၊ ငါးခုနဲ့ ခုနစ်ခုနဲ့ပေါင်းတာကို၊ ပြင်ဘက်က ငါးခု၊ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ကိုယ်စိတ်ပေါ့လေ... (မှန်ပါဘုရား)။

ဝမ်းထဲကတော့ လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ ကဲ...ငါးခု မနေလား...။ (မှန်ပါ ဘုရား)။

**စိတ် (၁၂) မျိုး**

တစ်ခါ ဝမ်းထဲမှာ နှစ်ခုထပ်တိုးလိုက်ဦး၊ လေယုတ်တဲ့ စိတ်၊ လေပြန်သွင်းတဲ့စိတ်ဆိုတော့ (၇) ခု မရှိဘူးလား...။ (မှန်ပါ)၊ (၇) နဲ့ (၅)နဲ့ပေါင်း (၁၂)ခုပါဘုရား။

ဆယ့်နှစ်ခုဆိုတာ ခုနင်ကအထဲမှာ အမောဟ မပါခဲ့ဘူး၊ ကိုမြင့်ရ...(မှန်ပါ)၊ အဲဒီ အမောဟဆိုတဲ့ မဂ္ဂင်နဲ့ ဒီဥစ္စာကို ရှုရမယ်...။ (မှန်ပါ)၊ ပေါ်တိုင်း,ပေါ်တိုင်း သိရမယ်...။ (မှန်ပါ)၊ ပျက်တိုင်း, ပျက်တိုင်း...(သိရမှာပါ ဘုရား)။

အဲဒီတော့ ဝိညာဏက္ခန္ဓာပျက်တာကို သိတာပဲ...။ (မှန်ပါ)၊ ဒါဖြင့် ဝိညာဏက္ခန္ဓာဆိုတော့ ဒကာ ဒကာမတွေ

www.dhammadownload.com



ခန္ဓာပျက်တာကို သိတာပဲ...။ (မှန်ပါ)၊ ဒါဖြင့် ဒကာ ဒကာမတို့ ကိုယ် ဒုက္ခရောက်တာ ကိုယ် သိတာနော်...။ (မှန်ပါဘုရား)။

ဘာပါလိမ့်...(ကိုယ်ဒုက္ခရောက်တာကို ကိုယ်သိတာပါ)၊ ကိုယ်ဒုက္ခရောက်တာကို ကိုယ့်ဉာဏ်နဲ့သိတယ်...။ (မှန်ပါ)၊ ကိုယ့်ဒုက္ခရောက်တာကို ကိုယ့်ဉာဏ်နဲ့သိတယ်ဆိုတာ ကျေနပ်ပလား...။ (ကျေနပ်ပါပြီဘုရား)။

**အမောဟဆိုတဲ့ မဂ္ဂင်နဲ့ကြည့်**

ဩော်...ဒါဖြင့် ခန္ဓာကိုယ်ထဲမှာ အခု ကြည့်စရာ ဆယ့်နှစ်ခုရှိတယ်၊ ဆယ့်နှစ်ခုကို အမောဟ ဆိုတဲ့ မဂ္ဂင်နဲ့ ကြည့်ပေး...။ (မှန်ပါဘုရား)။

ကြည့်တဲ့အခါကျတော့ အမြဲတမ်းကြည့်ရမှာကတော့ အိမ်သည် စိတ်နှစ်ခုဆိုတဲ့ လေထုတ်တဲ့စိတ်နဲ့ လေပြန်သွင်းတဲ့ စိတ်နှစ်ခုကတော့ တစ်လှည့်စီဖြစ်နေတယ်...။ (မှန်ပါဘုရား)။

အဲဒီတစ်လှည့်စီကို အမြဲတမ်းကြည့်နေရင်းမတ္တနဲ့ မောင်နိုင်မြင်စိတ်ပေါ်လာရင် အဲဒါဖြတ်ပစ်လိုက်...။ (မှန်ပါ)၊ ဘယ်လိုက်ရမလဲ...။ (မြင်စိတ်ဆီလိုက်ရပါမယ် ဘုရား)။ မြင်စိတ် ဖြစ်ပျက်ကိုလိုက်...။ (မှန်ပါ)၊ ကြားတဲ့စိတ် ပေါ်လာရင်...(ကြားစိတ် ဖြစ်ပျက်ကို လိုက်ရပါမယ် ဘုရား)၊ ယားစိတ်ပေါ်လာရင်...(ယားစိတ်ဖြစ်ပျက်လိုက်ရပါမယ်)၊

www.dhammadownload.com



စားစိတ်ပေါ်လာရင်...(စားစိတ်ဖြစ်ပျက် လိုက်ရပါမယ်ဘုရား)။

အဲဒါတွေက ခဏကလေးပေါ်ပြီးနောက် ကြည့်စရာမရှိတော့ ဘယ်လို ပြန်ထိုင်ရမတုံး...။ (အိမ်သည်စိတ်နှစ်ခုပြန်ထိုင်ရပါမယ်)၊ အိမ်သည်စိတ်နှစ်ခုဆိုတဲ့ လေထုတ်တဲ့ စိတ်နဲ့ လေပြန်ရှိုက်တဲ့ စိတ်ကို လှည့်ရှု...(မှန်ပါဘုရား)။

အဲဒီတော့ ဒီလိုချည့် ပြန်လှည့်နေတဲ့အတွင်း လျှာချင်တဲ့ စိတ်ကလေးပေါ်လာလဲ လျှာချင်တဲ့စိတ်ကို ဘာလုပ်ရမလဲ...။ (ဖြစ်ပျက်ရှုရမှာပါဘုရား)၊ နောက် ဘယ်ပြန်ထိုင်ကြမလဲ...။ (အိမ်သည်စိတ်နှစ်ခုကို ပြန်ထိုင်ကြရပါမယ်)၊ ထိုင်တယ်ဆိုတာ အိမ်သည်စိတ် နှစ်ခု ဆိုတဲ့ လေထုတ်တဲ့ စိတ်နဲ့ လေသွင်းတဲ့စိတ်ကို ပြန်ရှု...။ (မှန်ပါဘုရား)။

ဒါ အလုပ်သမားတွေမို့ သေသေချာချာ ပြောပါတယ်၊ မျက်စိနှစ်ကွင်းကို အလင်းရအောင် ဆေးကုပေးနေတယ်...။ (မှန်ပါဘုရား)။

ရှုစရာ (၁၂)ခု၊ ရှုတတ်တစ်ခု

အဲဒီတော့ ရှုစရာဆယ့်နှစ်ခု...(မှန်ပါ)၊ ရှုတာကတစ်ခုပေါ့လေ...။ (မှန်ပါ)၊ရှုစရာက ဆယ့်နှစ်ခု၊ ရှုတာက

www.dhammadownload.com



တစ်ခုဆိုတော့ ကိုယ့်ဝိညာဏက္ခန္ဓာကို ကိုယ့်ဉာဏ်နဲ့ ကြည့်ရှုကြ…(မှန်ပါဘုရား)။

ကိုယ့်ဝိညာဏက္ခန္ဓာကို…(ကိုယ့်ဉာဏ်နဲ့ကြည့်ရှုပါမယ် ဘုရား)၊ ကိုယ့်ဉာဏ်နဲ့ ကြည့်လိုက်တဲ့အခါကျတော့ ဩော်… ဒကာ ဒကာမတွေ မှတ်ထားပါ၊ ကိုယ့် ဝိညာဏက္ခန္ဓာက ရှေးကျတယ်…။ (မှန်ပါ)၊ ကိုယ့်ဉာဏ်ကနောက် နောက်မှ ဖြစ်တယ်…။ (မှန်ပါ)၊ ဒါဖြင့် ဖြစ်ပျက်ကရှေ့၊ မဂ်က နောက်…(မှန်ပါဘုရား)။

အဲ..ဖြစ်ပျက်က ရှေ့က ဖြစ်တယ်၊ မဂ်က နောက်မှ ဖြစ်တယ်…။ (မှန်ပါ)၊ ဒီကြားထဲမှာ ဘာမှမဝင်လို့ ရှိရင် ကောင်းတယ်…။ (မှန်ပါ)၊ ဖြစ်ပျက်နဲ့မဂ်နဲ့ ကိုက်ပါစေ…။ (မှန်ပါဘုရား)။

## ဖြစ်ပျက်နဲ့မဂ်နဲ့ ကိုက်ပါစေ

ဘာတဲ့တုံး…။ (ဖြစ်ပျက်နဲ့မဂ်နဲ့ ကိုက်ပါစေ)၊ ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်ပါစေတော့၊ ဖြစ်ပျက်က ကိုယ့်ဒုက္ခ… (မှန်ပါ)၊ မဂ်က ကိုယ့်ဉာဏ်…(မှန်ပါ)၊ ကိုယ့်ဉာဏ်နဲ့ ကိုယ့်ဒုက္ခကိုမြင်တယ်…။ (မှန်ပါ)၊ကိုယ့်ဉာဏ်နဲ့ ကိုယ့်ဒုက္ခကို မြင်တယ်ဆိုတာ သဘောပါကြရဲ့လား…။ (ပါ,ပါပြီဘုရား)။

ဒီလိုမြင်လာတော့မှ ဦးဘုရှင်းတို့က၊ ကိုပေါ်တို့က

www.dhammadownload.com



နော်၊ ဟာ...မျက်စိအလင်းရပါပေါ့လား...။ (မှန်ပါ့)၊ မျက်စိ နှစ်ကွင်း အလင်းရပါပေါ့လား ကိုဝ...။ (မှန်ပါ့ဘုရား)။

ဘာပါလိမ့်...။ (မျက်စိနှစ်ကွင်း အလင်းရပါပြီ)၊ အလင်းရလာတော့ ဩော်...ဒုက္ခသိပြီ...။ (မှန်ပါ့)၊ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ သိတာက မဂ္ဂသစ္စာ...။ (မှန်ပါ့ဘုရား)။

ဖြစ်ပျက်က...(ဒုက္ခသစ္စာပါ)၊ သိတာက...(မဂ္ဂသစ္စာပါ)၊ မင်္ဂမျက်လုံးတပ်ပေးလိုက်တယ်...။ (မှန်ပါ့ဘုရား)။

**မဂ်မျက်လုံး တပ်ပေးတယ်**

ဦးဘရှင်း ဘာမျက်လုံးတုံး...။ (မဂ်မျက်လုံးပါ)၊ ဦးညို ကြီး ဘာမျက်လုံးတပ်ပေးသတုံး...။ (မဂ်မျက်လုံးတပ်ပေး ပါတယ်)၊ သမ္မာဒိဋ္ဌိဆိုတဲ့ မဂ်မျက်လုံး တပ်ပေးလိုက် တယ်...။ (မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

ဒါဖြင့် မျက်စိနှစ်ကွင်းဟာ ပေါ်တိုင်း,ပေါ်တိုင်း မြင် နေလို့ရှိရင် ကိုယ့်ခန္ဓာအကြောင်း ကိုယ်ကောင်းကောင်း သိပြီ...။ (မှန်ပါ့)၊ ဘယ်လိုပါလိမ့်မလဲလို့မေးတော့မှ ခန္ဓာက ဒုက္ခသစ္စာ ခဏခဏမွေးပြီး ခဏခဏသေနေတာ...။ (မှန်ပါ့ ဘုရား)။

ဘယ်လိုဆိုကြမလဲ...။ (ခဏခဏမွေးပြီး ခဏခဏ သေနေကြတာပါ)၊ ခဏခဏမွေးပြီး ခဏခဏသေနေတယ် ဆိုတာ ပေါ်ကြပလား...။ (ပေါ်ပါပြီဘုရား)။

ပေါ်တော့ကို ခဏခဏမွေးပြီး ခဏခဏသေတာက

www.dhammadownload.com



ဘာသစ္စာ...(ဒုက္ခသစ္စာပါ)၊ ဒါကလေးကို ဉာဏ်နဲ့ကြည့်လိုက်လို့မြင်တာက...(မဂ္ဂသစ္စာပါ)၊ အဲ...ဒါဖြင့် မဂ္ဂသစ္စာက မင်မျက်လုံး...(မှန်ပါ)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

ခန္ဓာဖြစ်ပျက်က ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာကို မဂ်မျက်လုံး ကြည့်လိုက်တော့ မြင်သွားတယ်...။ (မှန်ပါဘုရား)။

## မျက်စိ အလင်းရပြီ

ဒုက္ခသစ္စာကို...(မဂ်မျက်လုံးနဲ့ကြည့်လိုက်တော့ မြင်သွားတယ်ဘုရား)၊ မဂ်မျက်လုံးကြည့်လိုက်တော့ နောက်က ဒကာ ဒကာမတွေ ဘယ်လိုဆိုကြမလဲ...(မြင်သွားပါတယ်)၊ ဟာ...မျက်စိနှစ်ကွင်းအလင်းရပဟ...(မှန်ပါ)၊ ကိုယ့်အသေကိုယ်မြင်ပဟ...။ (မှန်ပါဘုရား)။

ဦးအောင်ဇံဝေ ဘာတဲ့...(ကိုယ့်အသေကိုယ်မြင်ပါပြီ)၊ ဦးဘသန်းကြီး...(ကိုယ့်အသေကိုယ်မြင်ပါတယ်)၊ ကိုယ့်အသေ ကိုယ်မြင်တယ်...။ (မှန်ပါဘုရား)၊ ကိုယ့်အသေကို ကိုယ်မြင်ပြီကွ မောင်ထွန်းအောင်တို့ရ...။ (မှန်ပါ)၊ ရိပ်မိပလား...။ (ရိပ်မိပါပြီဘုရား)။

ခါတိုင်းတော့ သေသာသေသွားတယ်၊ မသာကို သူများ ပို့တာသာမြင်လိုက်တယ်၊ ကိုယ့်အသေ ကိုယ်မမြင်ပါဘူး...။ (မှန်ပါဘုရား)။

မသာ သူများထမ်းသွားတာတော့...(မြင်ပါတယ်)၊

www.dhammadownload.com



ကိုယ်သေတာ ကိုယ်သိရဲ့လား...။ (မသိပါဘုရား)၊ သေလိမ့်မယ်ဆိုတာသာသိတယ်၊ ကိုယ်သေတော့ မသိတော့ဘူး...။ (မှန်ပါ)၊ အခုတော့ဖြင့် ကိုယ့်အသေကို...(ကိုယ်သိပါပြီဘုရား)၊ ကိုယ်သိတော့ ဩော်...ဒါမှ ကိုယ့်ဒုက္ခ ကိုယ်သိတာ...။ (မှန်ပါ)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

ဒါမှ ကိုယ့်ဒုက္ခကို...(ကိုယ်သိပါတယ်ဘုရား)၊ သေတဲ့ဒုက္ခကို သိတယ်...။ (မှန်ပါ)၊ သေတာက ဒုက္ခသစ္စာ၊ သိတာက မဂ္ဂသစ္စာ...(မှန်ပါ)။

ဩော်...ဒါဖြင့် ဒကာ ဒကာမတို့ ဒီလို သိသိ-သိသိနေတော့ မဂ္ဂသစ္စာပေါ်ပြီးသကာလ သမ္မာဒိဋ္ဌိမျက်လုံးကပေါ်လာတော့ သမ္မာသင်္ကပ္ပနဲ့ တွဲလျက်ကြီး...(မှန်ပါ)။

ဝီရိယစိုက်လို့ သိသောကြောင့် သမ္မာဝါယာမကလဲပါတယ်၊ သမ္မာသတိကလဲပါတယ်၊ သမ္မာဒိဋ္ဌိနဲ့လဲ မြင်ပါတယ်ဆိုသဖြင့် ကိုယ့်အသေကိုယ်မြင်တာဟာ မျက်လုံးငါးပါးလုံးနဲ့ မြင်တယ်...။ (မှန်ပါ)၊ မဂ္ဂင်ငါးပါးနဲ့မြင်တယ်...။ (မှန်ပါ)။

ကိုယ့်အသေ ကိုယ်မြင်တာဟာ...(မဂ္ဂင်ငါးပါးနဲ့ မြင်ပါတယ်ဘုရား)၊ ဒါဖြင့် မျက်စိနှစ်ကွင်း အလင်းရ-မရ အကဲခတ်စမ်း...။ (ရပါပြီဘုရား)၊ ရပြီ...ရပြီ၊ အဲဒီလို ကိုယ့်အသေကိုယ်မြင်တဲ့အလုပ်ဟာ ဝိပဿနာအလုပ်ပါ...။ (မှန်ပါ)။

www.dhammadownload.com



ကိုယ့်အသေ ကိုယ်မြင်တဲ့အလုပ်ဟာ...(ဝိပဿနာ အလုပ်ပါဘုရား)။

အဲ...ဒါ ဝိပဿနာအလုပ်သာရှိသေးတယ်၊ ဝိပဿနာ လမ်းမဆုံးသေးဘူး...။ (မှန်ပါ)။

ကိုယ့်အသေ ကိုယ်မြင်တဲ့အလုပ်ဟာ...(ဝိပဿနာ လမ်း မဆုံးသေးပါဘုရား)၊ နိဗ္ဗာန်မြင်တော့မှ ဝိပဿနာလမ်း ဆုံးတယ်...။ (မှန်ပါ)။

အခုတော့ ဝိပဿနာအလုပ်ပဲရှိသေးတယ်...။ (မှန်ပါ)၊ ဝိပဿနာအလုပ် အဆုံးတိုင်ရောက်ပလားလို့ မေးရင် မဆုံးသေးဘူး...။ (မှန်ပါ)၊ မရောက်သေးဘူး၊ ဝိပဿနာ အလုပ်ထဲပဲရှိသေးတယ်လို့ မှတ်လိုက်စမ်းပါ...။ (မှန်ပါ)၊ ပေါ်ကြပလား...။ (ပေါ်ပါပြီဘုရား)။

ကောင်းပြီ...ဒါဖြင့် မျက်စိနှစ်ကွင်း အလင်းရ ပလား...။ (ရပါပြီဘုရား)၊ ဪ...ဒီလိုရှုရမယ်ဆိုတော့ ရှုတဲ့အရာမှာ အလင်းရပေါ့ဗျာ...။ (မှန်ပါ)၊ ဖြစ်တာမြင်မြင်, ပျက်တာမြင်မြင် အလင်းရတယ်လို့ မှတ်လိုက်...။ (မှန်ပါ)။

ဖြစ်တာမြင်မြင်...(ပျက်တာမြင်မြင် အလင်းရပါတယ် ဘုရား)၊ အလင်းရတဲ့ ပုဂ္ဂိုလ်ကျတော့၊ မျက်စိနှစ်ကွင်း အလင်းရတဲ့ ပုဂ္ဂိုလ်ကျတော့နောက်, လမ်းသွားတော့... (မှန်ပါ)၊ လမ်းသွားတော့ သူဟာ သားကလေးကြီးလို့

www.dhammadownload.com



ရှင်ပြုချင်တယ်၊ သမ်းကလေး မင်္ဂလာဆောင်လို့ ဆွမ်းကျွေးချင်တယ်၊ သူတစ်ပါး ပေးချင်တယ်၊ ဘိုးအို၊ ဘွားအိုတွေ ကန်တော့ချင်တယ်၊ ဒီလို ပေးချင်၊ ကမ်းချင်တဲ့စိတ်တွေ ပေါ်လာတော့ ဟောဒီ ဒုက္ခမှ လွတ်ရပါလို၏…ဆိုတော့ အလင်းရတဲ့ ပုဂ္ဂိုလ်က ဒီလိုလာတယ်…။ (မှန်ပါဘုရား)။

အလင်းရတဲ့ ပုဂ္ဂိုလ်က ဒီလိုလာတယ်၊ ဒီဒုက္ခမှ လွတ်ချင်လို့ အလှူဖြစ်တယ်…။ (မှန်ပါ)၊ ဒီဒုက္ခမှ လွတ်ချင်လို့ ပေးကမ်းမှုဖြစ်တယ်…။ (မှန်ပါ)၊ ကဲ…ဦးညို မကွာဘူးလားဗျာ…။ (ကွာပါတယ်ဘုရား)၊ အဲဒီတော့ သူ့အလှူသည် ဒုက္ခလွတ်ရာ ကျေးဇူး မပြုပေဘူးလား…။ (ပြုပါတယ်ဘုရား)။

အဲဒီတော့ ဒကာ ဒကာမတွေက အလင်းရတဲ့ပုဂ္ဂိုလ်၏ ဒါနနဲ့ လမ်းသွား၊ သီလနဲ့ လမ်းသွား၊ သမထနဲ့ လမ်းသွားမှုသည်ကားလို့ဆိုလို့ရှိရင်ဖြင့် မှန်သွားပြီ…။ (မှန်ပါ)၊ အလင်းမရသေးတဲ့ပုဂ္ဂိုလ်ကတော့ ဟောဒီလို လူ့ဘဝကြီး ရ,ရပါလို၏ဆိုလို့ ဒုက္ခသစ္စာကြီး ရ,ရပါလို၏ဘုရား…။ (မှန်ပါ)။

ဟောဒီလို နတ်ဘဝ ရ,ရပါလို၏ဆိုတော့ ဒုက္ခသစ္စာပြန်ရ,ရပါလို၏ ….(မှန်ပါ)၊ ဒါက ဘယ်ပုဂ္ဂိုလ်ပါလိမ့်…။

www.dhammadownload.com



(မျက်စိနှစ်ကွင်း အလင်းမရတဲ့ ပုဂ္ဂိုလ်ပါဘုရား)၊ မျက်စိနှစ်ကွင်း အလင်းမရတဲ့ ပုဂ္ဂိုလ်...။ (မှန်ပါ့)။

## ဒုက္ခမြင်ပြီး လှူတဲ့အလှူ

အလင်းရပုဂ္ဂိုလ်ကတော့ ကိုယ့်အသေ ကိုယ်မြင်နေခြင်းကြောင့် ဩော်...ငါတို့သည်ကားလို့ဆိုရင် ဟောဒီ ဒုက္ခမှ လွတ်ရာဖြစ်တဲ့၊ ဒုက္ခခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ကိုသာ ရောက်လို ရလိုလို့ ပေးပါ၏၊ ကမ်းပါ၏၊ လှူပါ၏၊ တန်းပါ၏ ပေါ့လေ...။ (မှန်ပါ့ဘုရား)။

ဒီတော့ ဒုက္ခမြင်ပြီး လှူတဲ့အလှူဖြစ်လေသောကြောင့် ဝဋ်ကျွတ်တယ်...။ (မှန်ပါ့)၊ ဝိပါကဝဋ်ကျွတ်သွားတယ်...။ (မှန်ပါ့)၊ မကျွတ်ဘူးလား...။ (ကျွတ်သွားပါတယ်ဘုရား)။

အဲဒီတော့ အလင်းရတဲ့ပုဂ္ဂိုလ် လမ်းသွားတာနဲ့၊ အလင်းမရတဲ့ပုဂ္ဂိုလ် လမ်းသွားတာ ဘယ်သူက အန္တရာယ်ကင်းပါ့မလဲ...(အလင်းရတဲ့ ပုဂ္ဂိုလ် လမ်းသွားတာက အန္တရာယ်ကင်းပါတယ်ဘုရား)။

အလင်းမရဘဲနေတဲ့ ပုဂ္ဂိုလ်များ လမ်းသွားတာကတော့ ဖြင့် တော်တော်ကြာအပါယ်ချောက်ထဲကျတယ်...။ (မှန်ပါ့)၊ တော်တော်ကြာ နတ်ပြည်သုဂတိချောက်ထဲကျတယ်...။ (မှန်ပါ့)၊ ဗြဟ္မာ့ပြည် အိုဘေး၊ နာဘေး၊ သေဘေးချောက်

www.dhammadownload.com



ထဲ...(ကျပါတယ်ဘုရား)၊ ဒါက မျက်စိနှစ်ကွင်းအလင်း မရတော့ သွားချင်သလိုသွားနေတာ...။ (မှန်ပါ)။

သွားချင်သလိုသွားတော့ ကျချင်သလိုကျတဲ့ ချောက်တွေဟာ သူ့ချောက်တွေ ဖြစ်ကုန်ကြတာပေါ့...။ (မှန်ပါ)၊ မဆိုနိုင်ဘူးလား...။ (ဆိုနိုင်ပါတယ်ဘုရား)။

ဪ...ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ...တန်းမှ နောက်ထားပြီး မျက်စိနှစ်ကွင်း အလင်းရမှုကို ဦးဘရှင်း ရှေ့ဖို့ကောင်းပြီ...။ (မှန်ပါ)။

ဒကာ ဒကာမတို့ မျက်စိကန်းနေတဲ့ပုဂ္ဂိုလ်မှာ အပ်...ဖားထိုးမှုနဲ့ မျက်စိအလင်းရမှု ဘယ်ဟာ ရှေ့ထားကြမလဲ...။ (မျက်စိအလင်းရမှု ရှေ့ထားရပါမယ်ဘုရား)၊ အပ်နဖားထိုးတာ နောက်မှ...(မှန်ပါ)။

အပ်နဖားထိုးတာက...(နောက်မှပါဘုရား)၊ ဘာ အရေးကြီးသတုံး...။ (မျက်စိနှစ်ကွင်းအလင်းရဖို့ အရေးကြီးပါတယ် ဘုရား)။

အခုတော့ဖြင့် မျက်စိတော့ အလင်းမရဘူး၊ အပ်နဖားချည့် ထိုးနေတော့ အလွဲနဲ့အချော်ချည့်ဖြစ်နေတယ်...။ (မှန်ပါ ဘုရား)၊ သဘောပါကြပလား...။ (ပါ,ပါပြီ ဘုရား)။

မျက်စိတော့ မကုဘဲနဲ့ အပ်နဖားချည့်ထိုးနေကြရင်... (အလွဲအချော်ချည့်ပါဘုရား)၊ အလွဲနဲ့အချော်ချည့်ဖြစ်နေကြ

www.dhammadownload.com



တယ်ဆိုတာကော ငြင်းသန်ဖို့ လိုသေးသလား…။ (မလိုပါ ဘုရား)။

ဩော်…မောင်နိုင် တယ်သနားစရာကောင်းပါလား…။ (ကောင်းပါတယ်ဘုရား)၊ ဦးဇအောင်ဇံဝေတို့၊ ဦးဘသန်းတို့ ဘယ့်နှယ်တုံး…။ (သနားစရာကောင်းပါတယ်ဘုရား)၊ အင်မတန် သနားစရာကောင်းတယ်ဆိုတာ ပေါ်ပလား…။ (ပေါ်ပါပြီဘုရား)။

ခင်ဗျားတို့က ကလေးပြေးသာ ပြေးနေတာပဲ၊ ကလေး ပြေးဆိုတာက ကျောင်းကျယ်ကျယ်ပေါ် ရောက်လာတယ် ဆို ကလေးတွေက ဒေါင်းဒေါင်း-ဒေါင်းဒေါင်းနဲ့ ပြေးတာ ပဲ၊ လဲရင်,ကွဲရင် သူတို့အိမ်ထက် နာမယ်ဆိုတာ သူတို့ သိရဲ့လား…။ (မသိပါဘုရား)၊ ကျယ်ကျယ်ရောက်ရင် ပြေး လိုက်ချင်တာပဲ…။ (မှန်ပါ)။

ခင်ဗျားတို့လဲ တူတူပဲ၊ ပိုက်ဆံကလေး ဘာကလေး က ရှိတယ်မကြဲဘူး၊ ပေးချင်၊ ကမ်းချင်၊ လှူချင်ကသာ ရှေ့ပြေးတယ်၊ ပြေးချင်တာကသာ စောင့်နေတယ်…။ (မှန်ပါ)။

မျက်စိနှစ်ကွင်း အလင်းရအောင်သာ အရင်လုပ်ပါ ဦး…။ (မှန်ပါ)၊ ပြီးတော့မှ ပြေးတဲ့အလုပ် လှူမှု၊ တန်းမှု၊ ပေးမှု၊ ကမ်းမှု လုပ်တာပေါ့…။ (မှန်ပါ)၊ ဒီလိုဆိတော့ကို အမြင်ရှိတဲ့ပုဂ္ဂိုလ် လမ်းသွားရာ မရောက်ဘူးလား…။

www.dhammadownload.com



(ရောက်ပါတယ်ဘုရား)၊ ပေါ်ကြပလား...။ (ပေါ်ပါပြီ ဘုရား)။

**ဝိပဿနာ ရှုတတ်ကြပလား**

ကောင်းပြီ...ဒါဖြင့် ကိုင်း...ဒကာ ဒကာမကို ဝိပဿနာရှုတတ်ပလား...တဲ့၊ မြင်စိတ်ပေါ်ရင် ဘယ့်နှယ် လုပ်ကြမယ်...(ဖြစ်ပျက်မြင်အောင်လုပ်ရပါမယ်ဘုရား)။

မြင်စိတ်က ခဏကလေးဖြစ်ပြီး ခဏကလေးပျောက် သွားတယ်၊ မြင်စိတ်ဆိုပြီး နောက်မလာတော့ဘူး...။ (မှန်ပါ့)၊ ဘယ်ပြန်ရှုရမှာပါလိမ့်...။ (အိမ်သည်ပြန်ရှုရပါ မယ် ဘုရား)၊ လေထုတ်တဲ့စိတ်၊ လေပြန်ရှိုက်တဲ့စိတ်ကို ပြန်ပြီး လှည့်ရှု...။ (မှန်ပါ့)။

ရှုနေရင်းမတွန့် ကြားစိတ်ကလေး ပေါ်လာရင် မောင်နိုင် ဘယ်လိုက်မယ်...(ကြားစိတ်ကို လိုက်ရပါမယ် ဘုရား)၊ နောက် ဘယ်ပြန်ထိုင်မတုံး...။ (အိမ်သည်စိတ်ကို ပြန်ထိုင်ပါမယ်ဘုရား)၊ လေထုတ်တဲ့စိတ်နဲ့ လေသွင်းတဲ့ စိတ် ဒါ...ပြန်ထိုင်...။ (မှန်ပါ့)။

တစ်ခါ ယားတဲ့စိတ်၊ ယံတဲ့စိတ်ကလေး ပေါ်လာ ပြန်ထယ်၊ မောင်နိုင်ရေ...(ယားတဲ့စိတ် ဖြစ်ပျက်ရှုရပါမယ်)၊ နောက် ဘယ်ပြန်ထိုင်မလဲ...(အိမ်သည်စိတ်ပါ)၊ ထွက်စိတ်၊ ဝင်စိတ်ပဲ ပြန်ထိုင်...။ (မှန်ပါ့)။

www.dhammadownload.com



ထွက်စိတ်၊ ဝင်စိတ် ရှုရင်းပဲ အင်း...ပေးချင်လိုက်တာ၊လို့ စိတ်ကလေးလာပြန်ပြီ၊ ပေးချင်တဲ့စိတ်ကို... (ဖြစ်ပျက်ရှုရပါမယ်ဘုရား)၊ ဒါကလေးက ပျောက်သွားပြန်ပြီ၊ ဘယ်ပြန်ထိုင်မလဲ...။ (အိမ်သည်စိတ်ကို ပြန်ထိုင်ရပါမယ် ဘုရား)၊ ထွက်စိတ်၊ ဝင်စိတ်ဆိုတဲ့အိမ်သည် ပြန်မထိုင်ရပေဘူးလား...။ (ထိုင်ရပါတယ်ဘုရား)။

## ရှုစရာမရှိရင် အိမ်သည်စိတ် ပြန်ထိုင်ပါ

ကိုင်း...ဒါဖြင့် ဘယ်ဟာရှုရှု ဟိုက ဆက်လာရင် ဆက်ရှု၊ ရှုစရာမရှိရင် ထွက်စိတ်၊ ဝင်စိတ်ဆိုတဲ့ အိမ်သည် ပြန်ထိုင်...။ (မှန်ပါ့ဘုရား)၊ သဘောကျပလား...။ (ကျပါပြီ ဘုရား)။

အဲဒါ ဝိပဿနာအလုပ်ပေးနေတယ်ဆိုတာ ဦးအောင်ဇံဝေ ကျေနပ်ပလား...။ (ကျေနပ်ပါပြီ)၊ ကျေနပ်ပြီနော်...။ (မှန်ပါ)။

ဝိပဿနာအလုပ် ပေးနေတယ်၊ မျက်စိနှစ်ကွင်း အလင်းရအောင် ကုနေတယ်၊ လမ်းသွားတတ်အောင်လို့... (မှန်ပါ့ဘုရား)။

ကိုပေါ် ဘာလို့ပါလိမ့်...။ (လမ်းသွားတတ်အောင်လို့ပါ)၊ လမ်းသွားတတ်အောင်လို့ ဆိုတဲ့ အဓိပ္ပါယ်မျိုး

www.dhammadownload.com



ရှင်းပြေးနေပါတယ်ဆိုတာ မောင်နိုင်တို့ သဘောကျလောက်ပါပြီ...။ (ကျပါပြီ)၊ မကျသေးဘူးလား...။ (ကျပါပြီဘုရား)။

၃-၄ ရက်ရှိပြီနော်၊ ဒကာ ဒကာမတို့ အလုပ်စခန်းချည့် ပေးနေပါတယ်...။ (မှန်ပါ)၊ အလုပ်စခန်းဟာ အင်မတန်အရေးကြီးတယ်ဆိုတာလဲ ကိုမြင့် သိပြီ...။ (သိပါပြီ ဘုရား)။

## ဒုက္ခတွေ မလာတာက နိရောဓသစ္စာ

သူ သိတော့ကို ဘုန်းကြီးတို့ ဒကာ ဒကာမတွေ မှတ်လိုက်စမ်းပါ...ဖြစ်ပျက်က ဒုက္ခသစ္စာ၊ ဖြစ်ပျက်ကိုသိတာက...(မဂ္ဂသစ္စာပါ)၊ သေတာက...(သမုဒယသစ္စာပါ)၊ သမုဒယသေလို့ နောက်ဒုက္ခတွေမလာတာက...(နိရောဓပါဘုရား)၊ ဟော သစ္စာလေးပါးပါ,ပါနေတယ်...။ (မှန်ပါ)၊ မပါဘူးလား...။ (ပါ,ပါတယ်ဘုရား)။

## သိလုံးကလေးက မဂ္ဂသစ္စာ

ဖြစ်ပျက်က...(ဒုက္ခသစ္စာပါ)၊ သိလုံးကလေးက...(မဂ္ဂသစ္စာပါဘုရား)၊ သိလုံးကလေးနဲ့သိနေတော့ သမုဒယလာသေးသလား...။ (မလာပါ) ဘာတာက...(သမုဒယသေတာပါဘုရား)။

သမုဒယသေတော့ ဘယ်ဟာ ဥပါဒါန် ကံချုပ်တယ်

www.dhammadownload.com



ဆိုရင် နောက်က ဇာတိ၊ဇရာ၊မရဏ လာသေးရဲ့လား...။ (မလာပါ)၊ အဲဒါက ဘာပါလိမ့်...(နိရောဓသစ္စာပါ)၊ ဩော်...တို့ တစ်ခါတည်း လုပ်လိုက်တာ သစ္စာလေးပါး တစ်ပြိုင်နက် ပေါ်နေပါကလား ခွေ့ထဲမှာ...(မှန်ပါဘုရား)။

ဘယ်လိုပါလိမ့်...။ (သစ္စာလေးပါး တစ်ပြိုင်နက် ပေါ်နေပါတယ်ဘုရား)။

အဲဒီတော့ ဒကာ ဒကာမတို့ တို့အလုပ်သည်ကား လို့ ဆိုလို့ရှိရင်ဖြင့် လုပ်ရင်းမဂ္ဂနဲ့ သစ္စာလေးပါးပေါ်နေ တယ်...။ (မှန်ပါဘုရား)။

လုပ်လိုက်ရင်...(သစ္စာလေးပါးပေါ်နေပါတယ်)၊ ဩော်...နိဗ္ဗာန် ရောက်ရပါလိမ့်၏ ဆုတောင်းသတဲ့လား...၊ နိဗ္ဗာန်ပါ၊ပါသွားသလား...။ (နိဗ္ဗာန်ပါ၊ ပါသွားပါတယ် ဘုရား)။

တစ်ဘဝ...က်တစ်ဘဝ ကိလေသာခေါင်းပါးတဲ့ ကိုယ် ဖြစ်ရပါလို၏လို့ ဆုတောင်းရမှာလား၊ တစ်ခါတည်း ပြတ် ပြတ်သွားသလား...။ (ပြတ်ပြတ်သွားပါတယ်ဘုရား)။

ဦးအောင်ဖေတို့၊ ဦးဘသန်းတို့ ဘယ့်နှယ်တုံး...။ (တစ်ခါတည်း ပြတ်ပြတ်သွားပါတယ်)၊ ရိပ်မိပလား...။ (ရိပ်မိပါပြီ)၊ ဒါ အလုပ်သင်ပေးနေတာနော်...။ (မှန်ပါ)၊ အလုပ်သင်ပြီး မျက်စိနှစ်ကွင်း အလင်းရအောင် ဆေးကု ပေးနေတယ်...။ (မှန်ပါ)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

www.dhammadownload.com



## အနှစ်တွေ့တဲ့ တရားတော်

အဲဒီတော့ကို ဒါဟာ ဘာတရားတုံးလို့မေးလို့ရှိရင်ဖြင့် အနှစ်ရှာတဲ့တရား...။ (မှန်ပါ)၊ အနှစ်တွေ့တဲ့တရား...။ (မှန်ပါ)၊ မှတ်မိကြပလား...။ (မှတ်မိပါပြီဘုရား)။

ဘာပါလိမ့်...(အနှစ်ရှာတဲ့တရား၊အနှစ်တွေ့တဲ့တရား ပါ)၊ ဘုရားလက်ထက်က ပိင်္ဂလကောစ္ဆဆိုတဲ့ ပုဂ္ဂိုလ် တစ်ယောက် ရှိတယ်...။ (မှန်ပါ)။

ဘုရားက သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်း သုံးနေတယ်၊ ပိင်္ဂလကောစ္ဆက အရှင်ဘုရား တပည့်တော် လျှောက်ပါရစေတဲ့၊ အေး...လျှောက်တာပေါ့ ဆိုတော့ လောကကြီးထဲမှာဘုရား၊ပူရာဏကဿပဆိုတဲ့တိတ္ထိ၊ မက္ခလိ ဂေါသလ ဆိုတဲ့ တိတ္ထိ၊ သိဥ္စည်းဆိုတဲ့ တိတ္ထိဆရာကြီး တွေ၊ ဘုရားအမည်ခံ ပုဂ္ဂိုလ်ကြီးတွေ၊ ပကုကစ္စာယန ဆိုတဲ့ တိတ္ထိဆရာကြီးတွေဟာ သူတို့ဟာသူတို့ အကုန် သိတယ်လို့ ပြောနေတယ်၊ အဲဒါ အကုန်သိလေသည် မသိ လေသည်ဆိုတာ တပည့်တော်တို့လဲ မပြောတတ်ဘူး၊ သူတို့ လဲ ဂိုဏ်းဂဏတွေနဲ့ ဘုရားလုပ်နေကြတာပဲ၊ သူတို့ကိုယ် သူတို့လဲ ဘုရားလို့ ဝန်ခံနေတယ်၊ အဲဒီတော့ ဘုရားပဲလား၊ ဘုရား မဟုတ်ဘူးဘဲလား တပည့်တော် မသိပါဘူးတဲ့၊ ပိင်္ဂလ ကောစ္ဆက မေးတယ်...။ (မှန်ပါဘုရား)။

www.dhammadownload.com



ဒါတွေဟာ ဘုရားတွေပဲလား၊ ဘုရားမဟုတ်ဘူးလား လို့ သူတော့ မဝေဖန်နိုင်ဘူးတဲ့…။ (မှန်ပါ)၊ ဝေဖန်နိုင် ပါ့မလား…။ (မဝေဖန်နိုင်ပါဘုရား)။

သူတို့ကတော့ သူတို့ကိုယ်သူတို့ ဘုရားလို့ဆိုပြီး၊ ဂိုဏ်းတွေဂဏတွေနဲ့ အကုန်သိတယ်ဆိုပြီး နေကြတာပဲ…။ (မှန်ပါဘုရား)။

## ငါ ပြောတာသာ နားထောင်စမ်းပါ

ဒါနဲ့…ဘုရားက ပိင်္ဂိယကောစ္ဆ ဒါတွေ မပြောပါနဲ့ ကွာ၊ မက္ခလိဂေါသာလဟာ ဘုရားလား၊ သိဥ္စည်းဟာ ဘုရား လား၊ အကုန်သိသလားဆိုတာ မပြောပါနဲ့၊ ငါ ပြောတာ သာ နားထောင်စမ်းပါ၊ ငါ တရားဟောပါ့မယ်၊ မင်း သေသေချာချာ မှတ်ပါတဲ့…။ (မှန်ပါ)၊ ရှင်းပလား…။ (ရှင်းပါပြီဘုရား)။

ဒါတွေ မေးမနေပါနဲ့တဲ့၊ ဘုရား ဟုတ်တယ်၊ မဟုတ် ဘူး မေးမနေပါနဲ့တဲ့၊ ငါပြောတာ မင်း မှတ်ပါတဲ့…။ (မှန်ပါဘုရား)။

ငါပြောတာ မင်း မှတ်ပါဆိုတော့ သစ်ပင်တစ်ခုကို ငါ ဥပမာပေးမယ်တဲ့၊ သစ်ပင်ကြီးတစ်ပင် ရှိတယ်ကွာ၊ အကိုင်းအခက်တွေလဲ ရှိတာပဲ၊ ၁–နံပါတ်နော်…။ (မှန်ပါ ဘုရား)။

www.dhammadownload.com



အပွေးတွေရှိတာက ၂-နံပါတ်နေ့ဘ်...။ (မှန်ပါ)၊ အကာတွေရှိတာက ၃-နံပါတ်၊ အသားတွေရှိတာက ၄-နံပါတ်၊ အနှစ်ရှိတာက ၅-နံပါတ်...။ (မှန်ပါဘုရား)။

အကိုင်းအခက်က...(၁-နံပါတ်)၊ အပွေးက...(၂-နံပါတ်ပါဘုရား)၊ အကာက...(၃-နံပါတ်ပါ)၊ အသားက... (၄-နံပါတ်ပါဘုရား)၊ အနှစ်က...(၅-နံပါတ်ပါ)၊ ဒြော်... ၅-နံပါတ်မှာ သွားနေတယ်...။ (မှန်ပါဘုရား)။

လူတစ်ယောက်ကွာတဲ့ ငါ ပြောမယ် မင်း နား ထောင် ပိဂ်လကောင်း၊ တောထဲမှာ လှည်းဝင်ရိုးလုပ်ဖို့၊ လှည်း ဆမ်းပိုးကြီးလုပ်ဖို့၊ လှည်းရုံတိုင်လုပ်ဖို့ အနှစ်သွားရှာတယ် ကွဘဲ...။ (မှန်ပါဘုရား)။

အနှစ်ရှာလို့ရှိရင်ဖြင့် သူဟာ တောထဲမှာ အနှစ်ရှိတဲ့ သစ်ပင်ကြီးတွေတော့ ခုတ်လှဲတယ်၊ သူ့ဓားမကြီးနဲ့ ခုတ်လှဲ လိုက်တယ်၊ ခုတ်လှဲပြီးတော့ အကိုင်းအခက်တွေကို သူ့ လှည်းဝင်ရိုးလုပ်ဖို့ အကိုင်းကြီးတွေ ထမ်းပြန်သွားတယ်...။ (မှန်ပါ)၊ ကဲ...မင်းက ဘယ်လိုဆိုမတုံးတဲ့...။ (မှန်ပါ ဘုရား)။

ကဲ...တရားပွဲက ဘယ်လိုဆိုမတုံး၊ လှည်းဝင်ရိုးလုပ် လို့ ဖြစ် မဖြစ်...(မဖြစ်ပါဘုရား)၊ ဖြစ်သည့်တိုင်အောင် ခိုင်ပါ့မလား...။ (မခိုင်ပါဘုရား)။

www.dhammadownload.com



ဩော်...သူ့ကို ဘယ်နှယ်ဆိုပါမတုံး၊ ခိုင်တာနဲ့ မခိုင်တာ၊ အနှစ်ရှိတာနဲ့ မရှိတာ၊ သူ သိတဲ့ ပုဂ္ဂိုလ်လား၊ မသိတဲ့ပုဂ္ဂိုလ်လား...။ (မသိတဲ့ ပုဂ္ဂိုလ်ပါဘုရား)။

အဲ...အဲဒီလို အနှစ်ကိုမသိတော့ အကိုင်းတွေထမ်းပြီး လှည်းဝင်ရိုးလုပ်တယ်ကွာတဲ့၊ တစ်နေရာ ဒုက္ခဖြစ်မှာပဲ...။ (မှန်ပါ့)၊ ဒါက တစ်မျိုးကွတဲ့...။ (မှန်ပါဘုရား)။

ထို့အတူ ါတဲ့၊ တစ်ယောက်သော ပုဂ္ဂိုလ်က တောထဲ လာပြီး လှည်းဝင်ရိုးလုပ်ဖို့ လာပြန်တော့လဲ အခေါက်တွေ ခုတ်ပြန်သွားတယ်တဲ့၊ လှည်းဝင်ရိုးလုပ်လို့ ဖြစ်ပါ့မလား...။ (မဖြစ်ပါဘုရား)။

ဒီပုဂ္ဂိုလ်လဲ မိုက်လုံးတစ်မျိုးပဲ၊ အနှစ်မရှိတဲ့ ပုဂ္ဂိုလ် တစ်မျိုးပဲ၊ မဆိုနိုင်ဘူးလား...။ (ဆိုနိုင်ပါတယ်ဘုရား)၊ ဒါဖြင့် အနှစ်မရှိတဲ့ ပုဂ္ဂိုလ် ဘယ်နှစ်မျိုးရှိသွားပလဲ...။ (နှစ်မျိုးပါဘုရား)။

သုံးယောက်မြောက်ဖြစ်တဲ့ တစ်ယောက်သော ပုဂ္ဂိုလ် ကလဲ လာပြန်တယ်ကွ၊ ဓားကြီးထမ်းပြီး လှည်းဝင်ရိုးလုပ်ဖို့ လာပြန်တယ်၊ တောထဲ သစ်ပင်ကြီးတွေတော့ အကာတွေ ထမ်းပြန်သွားတယ်ကွ...တဲ့၊ ဒီပုဂ္ဂိုလ်တော့ အနှစ်သိရဲ့ လား...။ (မသိပါဘုရား)။

www.dhammadownload.com



နောက် လေးယောက်မြောက် ပုဂ္ဂိုလ်ကလဲ အသား တွေ ထမ်းပြန်သွားတယ်ကွ…တဲ့၊ အနှစ်တော့ ထားပစ်ခဲ့ တယ်…။ (မှန်ပါ)၊ ဒီပုဂ္ဂိုလ်ကော အနှစ်သိရဲ့လား…။ (မသိပါဘုရား)။

နောက် ပဉ္စမမြောက် ပုဂ္ဂိုလ်သာလျှင် တောထဲဝင် လာပြီး အနှစ်တွေ ယူသွားတယ်၊ ဒီပုဂ္ဂိုလ်သာလျှင် လှည်း ဝင်ရိုးလုပ်တော့ ဖြစ်မယ်တဲ့…။ (မှန်ပါ)။

ဒါဖြင့် မသိတဲ့ ပုဂ္ဂိုလ်က ဘယ်နှစ်ယောက်တုံး… (လေးယောက်ပါ)၊ သိတဲ့ ပုဂ္ဂိုလ်က…(တစ်ယောက်ပါ ဘုရား)။

ထို့အတူပဲကွတဲ့…၊ လောကကြီးထဲမှာ ဒီလိုရှိတယ် တဲ့…၊ လူငါးမျိုးရှိတယ်တဲ့…။ (မှန်ပါ)၊ အနှစ်သိတဲ့ ပုဂ္ဂိုလ်ကတော့ တစ်ယောက်တည်းရှိတယ်တဲ့…။ (မှန်ပါ)၊ အနှစ်မသိတဲ့ ပုဂ္ဂိုလ်က…(လေးယောက်ပါဘုရား)။

အဲ…အနှစ်မသိတဲ့ ပုဂ္ဂိုလ်က လောကကြီးထဲမှာ ဘယ်လိုလူတုံးလို့ဆိုလို့ရှိရင် ကိုယ့်ကိုယ်ကိုယ် စီးပွားဥစ္စာတွေ မရ,ရအောင်ရှာပြီး၊ နေပျော်,သေပျော်ရှိပြီး လူလားမြောက် လို့ လူပုံအလယ်ဝင့်တယ်ဆိုပြီးသကာလ စီးပွားရှာပြီး၊ သေသွားပြီး၊ ကိုယ့်မှာတော့ ရှု ပိုက်ရတာ၊ သူတို့ပျင်းလို့

www.dhammadownload.com



မရဘူး၊ ဖျင်းလို့ မရဘူးဆိုပြီး ကိုယ့်ကိုယ်ကိုယ်မြှောက်ပြီး၊ သူများတော့ ချပြီး၊ စီးပွားပြည့်စုံပြီး သေသွားတဲ့ ပုဂ္ဂိုလ်ဟာလဲတဲ့၊ ခုနင်က လူ့ပြည့်ကို အနှစ်လာရှာတာ အကိုင်း၊အခက်ကို ထမ်းပြန်သွားပဟော့ တဲ့...။ (မှန်ပါ့)။

ဒကာ ဒကာမတို့ ဘာတဲ့တုံး...။ (အကိုင်း၊ အခက် ထမ်းပြန်သွားပါပြီဘုရား)။

## ၁။ လှူဒါန်းတဲ့ ပုဂ္ဂိုလ်

စီးပွားရေးကလေးနဲ့ တော်ပြီ၊ တန်ပြီ၊ လူလားမြောက်ပြီ၊ လူ့ပုံအလယ်မှာ လူသဖွယ်ဖြစ်ပြီး တော်လောက်ပြီ၊ ထိုက်တန်သလောက်လှူရ၊ ပေးရ၊ ကမ်းရ ဆိုပြီး သေသွားတဲ့ ပုဂ္ဂိုလ်များဟာ ဟော့တဲ့...၊ အကိုင်း၊ အခက် ထမ်းပြန်သွားတာတဲ့...။ (မှန်ပါ့ဘုရား)။

လိုရာခရီး ပြီးပလား...။ (မပြီးပါဘုရား)၊ အနှစ်ရမှ ပြီးမှာပဲ...။ (မှန်ပါ့)၊ အနှစ်ရပလား...။ (မရပါဘုရား)၊ အဲဒီလိုပဲကွ...တဲ့...၊ ပထမပုဂ္ဂိုလ်နဲ့ တူတယ်...တဲ့။

## ၂။ သီလပြည့်စုံတဲ့ ပုဂ္ဂိုလ်

ဒုတိယပုဂ္ဂိုလ်ကကောကွာတဲ့၊ အဖွေးထမ်း ပြန်သွားတာက ဘယ်လိုပုဂ္ဂိုလ်တုံး၊ သီလကလေးဆောက်တည်ပြီး သီလပြည့်စုံရင် သေပျော်ပြီလို ပြောတဲ့ ပုဂ္ဂိုလ်ကွတဲ့...။

www.dhammadownload.com



(မှန်ပါ)၊ ဒါက ဘာထမ်း ပြန်တာတုံး...။ (အပွေးထမ်း ပြန်တာပါဘုရား)။

ကဲ...ဦးဘုရှင်း...ဘုရားပေးလိုက်တာ ဥပမာ သိပ် ကောင်းတယ်...။ (ကောင်းပါတယ်ဘုရား)။

တတိယပုဂ္ဂိုလ်ကတော့ အကာတွေ ထမ်းပြန်သွား တယ်လို့ မပြောဘူးလား...။ (ပြောပါတယ်ဘုရား)၊ လှည်း ဝင်ရိုးလုပ်လို့ ဖြစ်ပါ့မလား...။ (မဖြစ်ပါဘုရား)။

## ၃။ သမထ ပုဂ္ဂိုလ်

သူကတော့လဲ သမထနဲ့ တင်းတိမ်သွားတဲ့ ပုဂ္ဂိုလ် တဲ့...။ (မှန်လှပါဘုရား)၊ ဒါ အကာထမ်းတာပဲ...။ (မှန်ပါ)၊ ရိုပ်မိပလား...။ (ရိပ်မိပါပြီဘုရား)။

စတုတ္ထ ပုဂ္ဂိုလ်ကတော့လဲ ဘာနဲ့တူသတုံးဆိုတော့ အသားထမ်းပြန်သွားတဲ့ ပုဂ္ဂိုလ်နဲ့ တူတယ်နော်...။ (မှန်ပါ)၊ လောကကြီးထဲတော့ သူက ဘာနဲ့ တူသတုံးဆိုတော့ အသိ ဉာဏ်ရတဲ့ ပုဂ္ဂိုလ်နဲ့ တူသကွဲ့...။ (မှန်ပါဘုရား)၊ ရှင်း ပလား...။ (ရှင်းပါပြီဘုရား)။

## ၄။ အသိဉာဏ်ရတဲ့ ပုဂ္ဂိုလ်

အသိဉာဏ်ဆိုတာလဲ နိဗ္ဗာန်ဟုတ်ရဲ့လား...။ (မဟုတ် ပါ)၊ အဲ...အသိဉာဏ်ငါးပါးရတဲ့ ပုဂ္ဂိုလ်နဲ့ တူတယ်တဲ့၊

www.dhammadownload.com



ဒါလဲ အသားထမ်း ပြန်သွားတာကွတဲ့၊ နေရာမကျသေး ဘူးတဲ့...။ (မှန်လှပါဘုရား)။

## ၅။ ဝိပဿနာမဂ်ဉာဏ်ရတဲ့ ပုဂ္ဂိုလ်

အခုလို မျက်စိနှစ်ကွင်း အလင်းရပြီး ဝိပဿနာ မဂ်ဉာဏ်ရတဲ့ ပုဂ္ဂိုလ်မှတဲ့၊ အနှစ်ထမ်းပြန်သွားတဲ့ ပုဂ္ဂိုလ် ကွ...။ (မှန်ပါ)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

ခင်ဗျားတို့ ဘယ်ဟာ ထမ်းပြန်ကြမလဲ...။ (အနှစ် ထမ်း ပြန်ပါမယ်ဘုရား)။

အဲမှာ..တစ်ညီတညွတ်တည်းပါလား၊ လုပ်တဲ့အခါ တော့ မလွဲစေကြနဲ့နော်...။ (မှန်ပါ)။

ပုပ်တော့...(မလွဲစေပါဘုရား)၊ ဒါက ရှင်ဥသာရော်ပမ သုတ်ဆိုပြီး ဘုရားသခင်ကိုယ်တော်မြတ်ကြီး မူလပဏ္ဏာသ ငြိုဒေတာ်မှာ ဟောတော်မူတယ်...။ (မှန်ပါ)။

ယ ခင်ဗျားတို့ ဘာတရား ဟောသတုံး၊ အဂ္ဂိုင်း၊ အခက်တရား ဟောသလား၊ အပွေးတရား ဟောသလား၊ ဟုတ်လား၊ အကာတရား ဟောသလား၊ အသားတရား ဟောသလား၊ အနှစ် တရားကို ဟောသလား ဆိုတာကို ခင်ဗျားတို့ ဝေဖန်ကြည့်...။ (အနှစ်တရား ဟောပါတယ် ဘုရား)။

www.dhammadownload.com



## အနှစ်ထမ်းပြီး ပြန်ကြပါ

ဒါဖြင့်...အနှစ်ထမ်းပြန်လို့ရှိရင် ခင်ဗျားတို့ လိုရာခရီး အပြီးတိုင်ရောက်မယ်...။ (မှန်ပါ့ဘုရား)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

အနှစ်တရားကိုသာ မလုပ်တော့ပါဘူး၊ ဆိုရင်ဖြင့် နနင်က ပြောခဲ့တဲ့ မျက်စိနှစ်ကွင်း အလင်းမရဘဲနဲ့ မွေးလာပြီး၊ အကန်းကလေးမွေးပြီး အကန်းကလေးသေသွားတဲ့ ခင်ဗျားတို့...ပါသွားမယ်...။ (မှန်ပါ့ဘုရား)၊ မဆိုထိုက်ဘူးလား...။ (ဆိုထိုက်ပါတယ်ဘုရား)။

ဘယ်ထဲ ပါသွားမလဲ...(အကန်းမွေးပြီး အကန်းသေထဲ ပါသွားပါမယ်ဘုရား)။

ဒါဖြင့် ကြားထဲမှာ အကန်းအသက်ရှင်နေတာလဲ လမ်းသွားမှန်ရဲ့လား...။ (မမှန်ပါ)၊ တယ်လဲ ကြောက်စရာကောင်းပါကလား...။ (ကောင်းပါတယ်ဘုရား)။

ဦးညိုကြီး ပေါ်ပလား...။ (ပေါ်ပါပြီ)၊ အဲဒါ ဘုန်းကြီးပြောတာ သေသေချာချာ မှတ်ကြပါ၊ အကန်းသွား-မသွားကြပါနဲ့...။ (မှန်ပါ)။

နောက်ကိုလဲ အကန်းကလေးလဲ မမွေးချင်ပါနဲ့...။ (မှန်ပါ)၊ အကန်းလမ်းသွားမှုကိုလဲ ကြောက်ကြပါ...။ (မှန်ပါ)။

www.dhammadownload.com



အကန်းသေ့,သေမှုကိုလဲ ဘယ်သူ သေသတုံးဟေ့... အကန်းတစ်ယောက် သေသွားတယ်ဆိုတဲ့ အမင်္ဂလာဟာ လဲ အတော်ယုတ်ပါတယ်...။ (မှန်ပါ့ဘုရား)၊ မယုတ်ဘူး လား...။ (ယုတ်ပါတယ်ဘုရား)။

အဲဒါကြောင့် ပြင်ကြပါ, ဆင်ကြပါဆိုတာ ဦးဘရှင်း တို့၊ ကိုပေါ်တို့ အထူးတလည် သတိပေးရတယ်...။ (မှန်ပါ့)၊ မောင်နိုင် အနှစ်ထမ်းပြန်တဲ့ ပုဂ္ဂိုလ် ရှာမှရှား...။ (ရှားပါ့တယ်)၊ သဘောပါပလား...။ (ပါ,ပါပြီဘုရား)။

## အနှစ်ရှာပြီးပေးတဲ့ တရား

ကိုင်း...ဒါဖြင့် ယနေ့ ခင်ဗျားတို့ စ,ပြီး ဟောလိုက် တဲ့ တရားသည် မျက်စိနှစ်ကွင်း အလင်းရပြီး မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ထရားကို ဟောတဲ့အတွက် အနှစ်ရှာပြီး ခင်ဗျား ကို့ကို ပေးတဲ့တရား.. (မှန်ပါ့) ခင်ဗျားတို့ကလဲ ဒီအနှစ် ကိုပဲ အသုံးချရမယ်...။ (မှန်ပါ့)၊ ဒါမှနိုင်မြဲမယ်...။ (မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီလိုရှုကြ၊ ခုနင်က ဆယ့်နှစ်ခုကို တစ်ခုနဲ့ သာ ရှုနေ...။ (မှန်ပါ့)၊ ရှုတဲ့အခါကျလို့ရှိရင် ကိုယ့်အသော ကိုယ်မမြင်ပေဘူးလား...။ (မြင်ပါတယ်ဘုရား)။

စိတ်တစ်ခုနဲ့ အသက် ရှင်တာကိုးဗျ...။ (မှန်ပါ့)၊

www.dhammadownload.com



ဒါဖြင့် အသေကို အရှင်နဲ့ကြည့်လို့ ဟောလိုက်ပါတယ်...။ (မှန်ပါ့ဘုရား)။

အသေကို...(အရှင်နဲ့ ကြည့်ရပါမယ်ဘုရား)၊ ကြည့်လိုက်တဲ့အခါကျတော့ အသေကို အရှင်နဲ့ကြည့်လိုက်တဲ့အခါ၊ လူသေတွေကို လူရှင်က ကြည့်တဲ့အခါ သြော်...အသုဘပဲ ဆိုတော့ ဒီအသုဘမျိုး ဖြစ်ချင်သေးရဲ့လား...။ (မဖြစ်ချင်ပါဘုရား)။

ကျုပ်တို့ဖြင့် ဒီအသေမျိုး မသေပါရစေနဲ့...။ (မှန်ပါ့)၊ အသုဘမြင်တဲ့ လူအပေါင်းက အကုန်မပြောပေဘူးလား...။ (ပြောပါတယ်ဘုရား)။

## ဝိပဿနာ အလုပ်သည် အနှစ်ထမ်းတဲ့ အလုပ်

ထို့အတူပဲ ဝိပဿနာဆိုတာ ကိုယ့်အသေကို ကိုယ့်မျက်လုံးအရှင်နဲ့ ကြည့်တာပဲ...။ (မှန်ပါ့ဘုရား)။

အသေကို...(အရှင်နဲ့ကြည့်တာပါ)၊ အဲဒါ ဘာခေါ်ကြမလဲ...(ဝိပဿနာပါ)၊ ဝိပဿနာအလုပ်၊ အနှစ်ထမ်းတဲ့ အလုပ်...။ (မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)၊ ပေါ်ကြပလား...။ (ပေါ်ပါပြီ ဘုရား)။

အနှစ်ထမ်းတဲ့အလုပ်ဆိုတာ သေချာပလား...။ (သေချာပါပြီ ဘုရား)။

www.dhammadownload.com



ကောင်းပြီ၊ ဒါနဲ့တွင် ဘင်းမတိမ်ဘဲနဲ့၊ မျက်စိနှစ်ကွင်း အလင်းရရုံနဲ့ မကျေနပ်ဘဲနဲ့၊ ကိုင်း...အလင်းတို့၏ နေရာဌာနမပြန်တဲ့ နေရာဌာန ရောက်အောင်သွားမယ် ဆိုလို့ ရှိရင်ဖြင့် ဒီဖြစ်ပျက်ကို ရှုမှန်းငြီးငွေ့လာအောင်ကြည့်ပါ...။ (မှန်ပါ)၊ ဒီဖြစ်ပျက်ကို...(ရှုမှန်းငြီးငွေ့လာအောင် ကြည့်ရပါမယ်ဘုရား)။

ကဲ...ယနေ့ ဒီတွင် တော်ကြဦးစို့...။

သာဓု...သာဓု...သာဓု...။

ယောဂီများအတွက်သာ

www.dhammadownload.com